အပ္ပမာဒေါ စ မေဓ္ဓသု ဇောတံ မင်္ဂလမုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

ယနေ့ထုတ်
စောင်ရေ
၁၉၈၄၇၇

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၉)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကာကွယ်

တပ်မတော်အစိုးရလက်ထက်မှာ အမျိုးသားပြန်လည်စည်းလုံးမှုကို ရခဲ့တာကြောင့် နိုင်ငံတော်ဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာတာဖြစ်တယ်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုဟာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပေါ်မှာ လုံးဝတည်မှီနေကြောင်း ထင်ရှားတဲ့ လက်တွေ့သာဓကဖြစ်တယ်။ ဒါ့ကြောင့် နိုင်ငံတော်အတွင်း တိုင်းနဲ့ပြည်နယ်အားလုံးမှာ အတူတကွ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသားသွေးချင်းတွေက တိုင်းနဲ့ပြည်နယ် ၁၄ ခုနဲ့ ဖြစ်တည်နေတဲ့ တစ်ခုတည်းသော အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကြဖို့၊ ဝိုင်းဝန်းကာကွယ်ကြဖို့ လိုအပ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

တစ်နိုင်ငံလုံးပညာရည်အဆင့်အတန်းမျှတစွာ တိုးတက်ဖြစ်ထွန်းရေးဆောင်ရွက်ပေးလျက်ရှိ နိုင်ငံတော်၏ပညာရေးဆိုင်ရာရည်မှန်းချက်ပန်းတိုင်သို့ မှန်ကန်မြန်ဆန်စွာရောက်ရှိရေး ပညာရေးကဏ္ဍမှတာဝန်ရှိသူအားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၁/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဗဟိုကောင်စီခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၁၀ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၁၇ ရက်)

ရောဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှု တိုးတက်စေမည့် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းသစ် ဖွင့်လှစ်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၏ စုစည်းညီညွတ်မှုစွမ်းပကားကို ပိုမိုတိုးတက်ခိုင်မာသည်ထက် ခိုင်မာလာအောင် ကြိုးပမ်းတည်ဆောက်ရင်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံမြင့်မားရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် ကားလမ်းများ၊ ရထားလမ်းများ၊ ရေကြောင်းလမ်း၊ လေကြောင်းလိုင်းများကိုလည်း တိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်းတို့ကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရောဝတီတိုင်း ပုသိမ်မြို့၌ တည်ဆောက်ပြီးစီးသွားသော ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၄ရက်နေ့ နံနက်ပိုင်းကကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင်–

"ရောဝတီတိုင်းသားများ၏ တာဝန်သိသိ၊ သစ္စာရှိရှိ နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုအခါ ရောဝတီတိုင်းသည် အဘက်ဘက်က တိုးတက်လာနေပြီဖြစ်ကြောင်း၊ ယင်းဖွံ့ဖြိုးတိုးတက်လာသော အခြေခံကောင်းများကို အခြေပြု၍ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးစားအားထုတ် လုပ်ကိုင်သွားကြရန်လိုအပ်ကြောင်း၊ ယင်းသို့ ကြိုးစားအားထုတ်လုပ်ကိုင်ရာ၌ စည်းကမ်းရှိမှု၊ အချိန်ကို လေးစားတန်ဖိုးထားမှု၊ စေတနာမှန်ကန် ထက်သန်မှု၊ အလုပ်ကို ဝီရိယထား ကြိုးစားလုပ်ကိုင်တတ်မှု၊ ခေတ်မီနည်းပညာရပ်များနှင့်အညီ တီထွင်ကြံဆလုပ်ကိုင်တတ်မှုတို့ကိုအရင်းတည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

ပုသိမ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းသည် ကွန်ကရစ်လေယာဉ်ပြေးလမ်းဖြစ်၍ အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀ ရှိသည့် လေယာဉ်ပြေးလမ်းအမျိုးအစားဖြစ်ပြီး ဖော်ကာအက်ဖ်–၂၈ ဂျက်လေယာဉ်ကြီးများ လွယ်လင့်တကူ ဆင်းတက်နိုင်သော လေယာဉ်ကွင်းကြီးဖြစ်သည်။ ဆက်လက်၍ အလျားပေ ၁၂၀၀၀အထိ တိုးချဲ့သွားနိုင်ရန်လည်း စီမံဆောင်ရွက်ထားပြီး ဖြစ်သည်။

ပုသိမ်လေယာဉ်ကွင်းကြီး ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် တိုင်းရင်းသား ပြည်တွင်းခရီးသည်များသည် ရောဝတီတိုင်းအတွင်း ဖွံ့ဖြိုးစည်ပင်နေသော ငွေဆောင်၊ ချောင်းသာပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများသို့ မြန်ဆန်လွယ်ကူသက်သာစွာဖြင့် သွားလာအပန်းဖြေနိုင်မည်ဖြစ်သည့်အပြင် ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းမှု၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုအကျိုးရလဒ်ကောင်းများ ပိုမိုတိုးတက်ရရှိစေမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက မြစ်၊ ချောင်းများပေါများလှသည့် ရောဝတီတိုင်းတွင် ရေကြောင်းခရီးကိုသာ အားထား သွားလာဆက်သွယ်နေရသည့် အစဉ်အလာဟောင်းကို ကျော်လွှားပြီး ကုန်းလမ်းခရီးစဉ်များဖြင့် အစားထိုးသွားလာနိုင်စေရန် ငွေလုံးငွေရင်းပမာဏကြီးမားစွာဖြင့် လမ်း၊ တံတားများကို ကွန်ရက်သဖွယ် ယှက်သွယ် တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းသစ် ဖွင့်လှစ်နိုင်သဖြင့် ရောဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ပိုမိုတိုးတက်မြင့်မားသွားပြီဖြစ်သည့်အလျောက် နိုင်ငံတော်ကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုနိုင်ရေး၊ ရောဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာတောင့်တင်းရေးအတွက် ဒေသခံပြည်သူများ အားလုံးက စေတနာကောင်း၊ အရည်အချင်းကောင်း၊ အလုပ်ကောင်းတို့ဖြင့် ဆက်လက် ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျန်းမာရေးဝန်ထမ်းများ အထူးသင်တန်းဖွင့်ပွဲ ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ကျန်းမာရေးဝန်ထမ်းများ အထူးသင်တန်း အမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက သုနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ်၊ဒုတိယပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ဖွင့်ပွဲအခမ်းနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ကျန်းမာရေးဝန်ကြီးဌာနမှ သင်တန်းသား ဆရာဝန်၄၂ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယမန်နေ့မှ မတ် ၂၆ ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်း သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၁၆

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်း ဆရာအတတ်သင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်၁၂ရက် မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်ပင်လုံခန်းမ၌ ကျင်းပရာ အစီအစဉ်အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ခင်စီစီက သင်တန်းနှင့်ပတ်သက်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်းက အလယ်တန်း ဆရာအတတ်သင်တန်းဆင်း သင်တန်းသားသင်တန်းသူ ၄၈ ဦးတို့အား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ပြီး ထူးချွန်ဆုရသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဗ္ဗန်တောင်မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း မူလတန်းပညာ သင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲ၊ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၀ရက်က ပြုလုပ်ရာ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် စတုတ္ထတန်းပထမဆုရ မဟေမာန်ထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက ဆုချီးမြှင့်စဉ်။ (၃၅၂)

ဆုချီးမြှင့်

သဃ်န်းကျွန်းမြို့နယ် အမက (၃၈)၏ ၂၀၀၃–၂၀၀၄ ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကို မတ် ၂ ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ထူးချွန်ဆုရရှိခဲ့သော တတိယတန်းမှ မမေဟန်နီမြင့်လွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းမေက ဆုချီးမြှင့်စဉ်။ (က–ပ)

မမ္ဗူတ တရားပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀၈ တောင် ဘုရားဝင်းအတွင်း မတ် ၁၈ ရက်တွင် အရှင်ပညာဝရ(တောင်စွန်း)၊ မတ်၁၉ရက်တွင် အရှင်ပညိဿရ (တောင်စွန်း)၊ မတ် ၂၀ ရက်တွင် အရှင်ဝိမလ(တောင်စွန်း)၊ မတ် ၂၁ ရက်တွင် အရှင်ဆေကိန္ဒ(မှော်ဘီ)နှင့် မတ် ၂၂ ရက်တွင် အရှင်ပညိဿရ (တောင်စွန်း)တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ညစဉ် ည ၇ နာရီခွဲမှစ၍ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွှန့် မတ် ၁၄ ရက်က ပဲခူးတိုင်း ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

▼ *ကျောဖုံးမှ*

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့ မြို့နယ်ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာထင်လင်းနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ညောင်လေးပင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲနိုင်က မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မိုးရွာသွန်းမှု၊ နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်မှု၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ စားဖိုဆောင်သီးနှံစိုက်ပျိုးမှု စိုက်ကေတိုးချဲ့ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ငါးကန်များ တူးဖော်မွေးမြူနေမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က ဒေသဖွံ့ဖြိုးရေးအတွက် အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းသုံးကျောင်းအဖြစ်လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အဖွဲ့ ညောင်လေးပင် မြို့နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကြည့်ရှုလေ့လာပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးရန်ရှိသည်များကို ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြောင်း။

ညောင်လေးပင်မြို့နယ်သည် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အချက်အချာကျသည့်နေရာတွင် တည်ရှိနေသည့်အလျောက် ယခင်ကပင် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးမှုအတော်အသင့်ရှိသည့် မြို့နယ်ဖြစ်သည့်အပြင် ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံကောင်းများ၊ အခွင့်အလမ်းကောင်းများလည်း ရှိထားပြီးဖြစ်ကြောင်း။

ထပ်ဆောင်းဆောင်ရွက်

ထို့အပြင် ညောင်လေးပင်အပါအဝင် ပြွန်တန်ဆာလွင်ပြင်တစ်ခွင်လုံး စိုက်ပျိုးနိုင်သည့် လယ်ယာမြေများ ပေါ်ထွက်လာစေရေးအတွက် ပဲခူးရိုးမမှ စီးဆင်းလာသည့် ရေများကို ဆည်မြောင်း၊ တာတမံများ တည်ဆောက်ပေးလျက်ရှိသည့်အတွက် ကျန်ဒေသတွင် ယခင်ကထက် စိုက်ပျိုးမြေများ တိုးပွားလာနေကြောင်း၊ ယခင်ကတည်းက ဖွံ့ဖြိုးမှုအတော်အသင့်ရှိနေပြီးဖြစ်သည့် ညောင်လေးပင်မြို့နယ်ကို ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရအောင် ထပ်ဆောင်းဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုသည် မြို့နယ်တာဝန်ခံ ဌာနဆိုင်ရာများ၏ ဦးဆောင်မှု၊ ဝီရိယစိုက်ထုတ်မှု၊ တီထွင်ကြံဆမှုနှင့် စေတနာထားမှုများအပေါ်များစွာ တည်မှီလျက်ရှိနေကြောင်း၊ မြို့နယ်တာဝန်ရှိသူများ၏ ဝီရိယအား၊ စေတနာအား၊ တီထွင်ကြံဆမှုအားများ အားနည်းနေသမျှ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း နောက်ကျနေ့ကွေးနေမည်ပင်ဖြစ်ကြောင်း။

သွက်လက်စွာဖော်ဆောင်

မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်လာရေးအတွက် စေတနာထားဆောင်ရွက်ပြီး ပြည်သူများနှင့် တစ်သားတည်းနေထိုင်လျက် ပြည်သူများ၏ လိုလားချက်၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်နှင့်အမျှ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းပြီး မိမိတို့၏လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း။

မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စည်းစည်းလုံးလုံးဖြင့် တစုတစည်းတည်း ဖော်ဆောင်နိုင်ရေးကို ရည်မှန်းလျက်ကဏ္ဍစုံတွင် ကော်မတီများ ဖွဲ့စည်းပေးထားပြီးဖြစ်သည့်အလျောက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် သွက်လက်ထိရောက်စွာ အကောင်အထည်ဖော်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က ညောင်လေးပင်မြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်းအတွင်းရှိ မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆင့်မြှင့်ဆောင်ရွက်မည်

ရှေးဦးစွာ ရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မိုးယွန်းကြီးအင်း ဘေးမဲ့တောမှာ ပဲခူးတိုင်း ပဲခူးမြို့နယ်၊ ဝေါမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်များအတွင်း တည်ရှိပြီး စတုရန်းမိုင် ၄၀ ကျယ်ဝန်းကြောင်း၊ သစ်တောများ ပေါက်ရောက်မှု မရှိသော်လည်း ရေနေပင် ၂၆ မျိုးခန့် ပေါက်ရောက်ကြောင်း၊ အင်းအတွင်းလာရောက် ကျက်စားသော ရေပျော်ငှက် ၁၂၅ မျိုးခန့်ရှိကြောင်း၊ ငါးများ၊ ကုန်းနေရေနေ သတ္တဝါများ၊ အင်းဆက်များ၊ တွားသွားသတ္တဝါများ၊ နို့တိုက်သတ္တဝါများ ကျက်စားကြကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရန်ကုန်–မန္တလေးကားလမ်းမကြီး ညာဘက်ခြောက်ဖာလုံအကွာတွင် တည်ရှိကြောင်း၊ သဘာဝ အခြေခံခရီးသွားလုပ်ငန်းကို အထောက်အကူပြုကြောင်းနှင့် လေ့လာကြည့်ရှုအပန်းဖြေနိုင်သော အခွင့်အလမ်းကောင်းများရှိကြောင်းနှင့် ဆက်လက်အဆင့်မြင့် မွမ်းမံဆောင်ရွက်သွားမည့် အစီအမံများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

စနစ်တကျထိန်းသိမ်း

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က မိုးယွန်းကြီးရေလှောင်ကန် ရေသိုလှောင်နိုင်မှုနှင့် ရေပေးဝေမှု၊ မိုးယွန်းကြီးရေလှောင်တမံကို ကောလိယ ရေလှောင်တမံ၊ ဘောနီရေလှောင်တမံနှင့် ဇောင်းတူရေလွှဲဆည်မှ ရေဖြည့်တင်း ပေးနေမှု၊ မိုးယွန်းကြီး ကန်ပတ်တာပေါင်ကို ခိုင်မာအောင် ဆောင်ရွက်နေမှု၊ စကုချောင်း၊ ရွှေလောင်းချောင်းနှင့် ကိုလူကွဲချောင်းများပေါ်တွင် ရေလှောင်တမံ တည်ဆောက်ပြီး မိုးယွန်းကြီးရေလှောင်ကန်ကို ရေပိုမိုဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က မိုးယွန်းကြီးရေလှောင်ကန်ကြီး မူလသဘာဝအတိုင်း ဆက်လက် တည်ရှိနေစေရန်အတွက် ကောလိယဆည်မှ ရေဖြည့်ပေးရေးနှင့် ရေအသွင်းအနုတ်ကို သက်ဆိုင်ရာဌာနမှူးများ ညှိနှိုင်းပြီး စနစ်တကျ ထိန်းသိမ်းစီမံဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးမြို့နယ်၊ ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့မှ နွေစပါးစိုက်ပျိုးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က လိုအပ်သည်များကို မှာကြားသည်။

ဒေသခံများကြိုဆို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် သနပ်ပင်မြို့နယ် မင်းရွာသို့ ရောက်ရှိကြရာခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံကျေးရွာသူကျေးရွာသားများက ကြိုဆိုကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် မတ် ၁၄ ရက်က ပဲခူးတိုင်း ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များသည် သနပ်ပင်မြို့နယ်အတွင်း ကျေးရွာများသွားလာမှုအဆင်ပြေစေရန် တည်ဆောက်ထားသည့် မင်းရွာ–ကျောင်းစုတံတားသစ်ကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

တာဝန်ယူတည်ဆောက်ခဲ့

ထို့နောက် ရှင်းလင်းဆောင်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေက မင်းရွာ–ကျောင်းစုတံတားမှာ အရှည် ပေ ၂၅၀၊ အကျယ် ၂၆ ပေရှိ စစ်တောင်းတူးမြောင်းပေါ်တွင် တည်ဆောက်ထားသော တံတားဖြစ်ပြီး ဒေသနေ ကျေးလက်ပြည်သူများ သွားလာမှုလွယ်ကူစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် မတ်၁၄ရက်က ပဲခူးတိုင်း ညောင်လေးပင်မြို့ မြို့နယ် ခုတင် (၅၀)ဆံ့ ဆေးရုံအတွင်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ကျောဖုံး) (သတင်းစဉ်)

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်းညှိနှိုင်း ဝေးလံသောဒေသများသို့ အချိန်မီဖြန့်ဖြူးနိုင်ရေးဆောင်ရွက်

ရန်ကုန် မတ် ၁၆

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍အမှာစကားပြောကြားသည်။

(အောက်ပုံ)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဝင်များ၊ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းနှင့်ဆပ်ကော်မတီဝင်များ၊ ကျောင်းသုံးဖတ်စာအုပ်များဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ အကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အချိန်မီဖြန့်ဖြူး

ရှေးဦးစွာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက်ကျောင်းသုံးဖတ်စာအုပ်များကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာကျောင်းသားကျောင်းသူများထံ အချိန်မီလွယ်လွယ်ကူကူ ဈေးနှုန်းမှန်မှန်ကန်ကန်ဖြင့် ရရှိစေရန်၊ ပုံနှိပ်ရိုက်နှိပ်ရာတွင် နိုင်ငံတော်နှင့် ကျောင်းသားကျောင်းသူများအတွက်ပါ ခြိုးခြံချွေတာရေးမူအရ ပုံနှိပ်ရန်၊ ပုံနှိပ်ရိုက်နှိပ်ပြီးသော စာအုပ်များကို ဖြန့်ချိရေးဆပ်ကော်မတီအနေဖြင့် သက်ဆိုင်ရာ ဖြန့်ဖြူးရေးအရောင်းဆိုင်များနှင့်အထူးသဖြင့် ဝေးလံသောဒေသများသို့သတ်မှတ်ချိန်အတွင်းအချိန်မီ ဖြန့်ဖြူးနိုင်ရေးအတွက် ဝန်ကြီးဌာနများအချင်းချင်းညှိနှိုင်းဆောင်ရွက်သွားရန်၊ ခြိုးခြံချွေတာရေးမူအရ ကျောင်းသုံးစာအုပ်များကို လက်ဆင့်ကမ်းစနစ်ဖြင့်ဆောင်ရွက်စေရန်နှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စာအုပ်အဟောင်းများကို ပြုပြင်ပြီး ပြန်လည်အသုံးပြုစေခြင်းဖြင့် ခြိုးခြံချွေတာရန် မှာကြားသည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ၂၂-၈-၂၀၀၃ ရက်က ကျင်းပခဲ့သော ၂/၂၀၀၃ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကျောင်းသုံးဖတ်စာအုပ်များဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်မျိုးမင်းတို့က ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အစည်းအဝေးသို့တက်ရောက်လာသူများက အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ယင်းနောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ညောင်တုန်းမြို့နယ်ရှိ ဗိုလ်မြတ်ထွန်းတံတားတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

ဆက်လက်၍ ဧရာဝတီတိုင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းနှင့် အင်ဂျင်နီယာ မှူးကြီး ဦးစိုးတင့်တို့က တံတားဘိုးပိုင်လုပ်ငန်း၊ တံတားတိုင်များတည်ဆောက်မှုလုပ်ငန်း၊ သံကူကွန်ကရစ် ရက်မများ စတင်တပ်ဆင်မှုလုပ်ငန်း၊တံတားသံပေါင်များ ရရှိရန်ဆောင်ရွက်မှုလုပ်ငန်းနှင့်တံတား ချဉ်းကပ် လမ်းများဖောက် လုပ်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တာဝန်နှင့်စေတနာပေါင်းစပ်

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လုပ်ငန်းသုံးပစ္စည်းများ အချိန်မီ ပြည့်စုံစွာရရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် တာဝန်နှင့် စေတနာပေါင်းစပ် ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့သည် ပုသိမ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များနှင့်ပုသိမ်မြို့အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာရှိ ဧရာရွှေဝါကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြပြီး ခန်းမ၌တောင်သူဦးကြီးများနှင့်တွေ့ဆုံကာဗိုလ်ချုပ်ကြီးသူရရွှေမန်းကသာပေါင်းမြို့နယ်၊ကျောင်းကုန်းမြို့နယ်၊ရေကြည်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့ရှိ ရေကြီးကွင်း၊ ရေနက်ကွင်း မြေဧရိယာများ၌စပါးနှင့်ဆီထွက်သီးနှံများစိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ဆွေးနွေးမေးမြန်းရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် စိုက်ပျိုး ထုတ်လုပ်သူများက စိုက်ပျိုးရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဧရာရွှေဝါကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သည့်ရွှေမေတ္တာ ဇီဝမြေသြဇာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဇီဝမြေသြဇာထုတ်လုပ်မှုကြည့်ရှု

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် ရွှေမေတ္တာစွမ်းအားပြည့် ဇီဝမြေသြဇာ စက်ရုံသို့ သွားရောက်ကြပြီးဇီဝမြေသြဇာထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ်ရှိ ကျောင်းကုန်းတံတားသို့ ရောက်ရှိကြကာ တံတားရိပ်သာရှေ့၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို မေးမြန်း၍လိုအပ်သည်များကိုမှာကြားသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆည်ကျေးရွာရှိ ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ မအူပင်ခရိုင်အင်ဂျင်နီယာမှူးဦးစိုင်းကျော်မိုးက ဗိုလ်မြတ်ထွန်းတံတား ကြံ့ခိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းထိန်းသိမ်း

ယင်းနောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ကြံ့ခိုင်ရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းကြရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့အား ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည်ဘက်ကမ်း ယာယီရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းက ကြိမ်ပင်ဆည်ဘက် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကိုရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

နိုင်ငံခြားခေါင်းဆောင်များက ကန်၏မူဝါဒကို သဘောမတွေ့၍ ဂျွန်ကယ်ရီအား ဘုရှ်အပေါ် အနိုင်ယူစေလိုကြောင်းပြောကြား

ဘက်သ်လီဟမ်(ပင်ဆီဗေးနီးယား) မတ် ၁၅

နိုင်ငံခြားခေါင်းဆောင်အချို့သည် ဂျော့ဒဗလျူဘုရှ်အပေါ် အနိုင်ယူရန် မိမိအားပြောကြားခဲ့ကြောင်း အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက ပြောကြားလိုက်သည်။

ဂျွန်ကယ်ရီသည် ထိုသို့ပြောဆိုခဲ့သော်လည်း နိုင်ငံခြားခေါင်းဆောင်တစ်ဦးတစ်ယောက်၏ အမည်ကို ဖော်ထုတ်ပြောဆိုရန် ငြင်းခဲ့သည်။

ဝေဖန်ခဲ့

ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ဂျွန်ကယ်ရီကို ဝေဖန်ခဲ့ပြီး ရီပတ်ဘလစ်ကင်အမတ်တစ်ဦးက မေးခွန်းတစ်ခုကို မေးခဲ့သည်ကို ဂျွန်ကယ်ရီက ချေပရာ၌ နိုင်ငံခြားခေါင်းဆောင်များသည် အမေရိကန်မူဝါဒရေးရာကို သဘောမတွေ့ကြခြင်းကြောင့် မိမိသမ္မတအဖြစ် ယှဉ်ပြိုင် အရွေးခံခြင်းကို အားပေးခဲ့ကြကြောင်း ထပ်ခါထပ်ခါ ပြောဆိုခဲ့သည်။

ထိုသို့ပြောဆိုသော်လည်း ဂျွန်ကယ်ရီက နိုင်ငံခြားခေါင်းဆောင်များ၏ အမည်ကိုပြောဆိုရန် ငြင်းဆိုခဲ့ပြီး အချို့ပြောဆိုမှုများမှာ တယ်လီဖုန်းဖြင့် ပြောဆိုခြင်းဖြစ်ကြောင်း၊ ရင်ဆိုင်ပြောဆိုခြင်းမဟုတ်ကြောင်း ပြောဆိုသည်။

ကယ်ရီသည် ဘုရှ်၏ ကျန်းမာရေး စောင့်ရှောက်ကုသမှုဆိုင်ရာ မူဝါဒကို ပြစ်တင်ရှုတ်ချပြောဆိုရန်အတွက် ပင်ဆီဗေးနီးယားသို့ လွန်ခဲ့သည့်အပတ်က ရောက်ရှိခဲ့ပြီး မိမိ နိုင်ငံခြားခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ နိုင်ငံခြားခေါင်းဆောင်များက ဘုရှ်ကို မိမိထိုးနှက်ရမည်ဖြစ်ကြောင်း၊ မိမိတို့မူဝါဒသစ်လိုအပ်ကြောင်း၊ မိမိအားပြောဆိုခဲ့ကြောင်း ပင်ဆီဗေးနီးယား၌ ပြောဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရန်၏ အဏုမြူလက်နက်ကိစ္စ အိုင်အေအီးအေစည်းဝေး

ဗီယင်နာ မတ် ၁၂

အီရန်နိုင်ငံသည် အဏုမြူလက်နက်အစီအစဉ်များ ဖုံးကွယ်ထားသည်ဆိုပြီး အမေရိကန်နိုင်ငံက ရှုတ်ချသည့် အဆိုပြုချက်တစ်ရပ်တင်သွင်းခဲ့ခြင်းကြောင့် ပြေလည်မှုတစ်ရပ်ရရှိစေရန် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)သည် တံခါးပိတ်ဆွေးနွေးပွဲတစ်ရပ်ကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ယမန်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံကို ရှုတ်ချရန်အမေရိကန်တို့၏ ဖိအားပေးခြင်းကိုခံရပြီး အမေရိကန်အလိုကျလိုက်နာခဲ့သော ဥရောပနိုင်ငံများအပေါ် အီရန်နိုင်ငံက အပြစ်တင်ဝေဖန်လိုက်သည်။ အဏုမြူလက်နက်ထုတ်လုပ်ရာ၌ အသုံးပြုသော ယူရေနီယံသတ္တုကို သန့်စင်ရေးအတွက် လိုအပ်သည့်အဆင့်မြင့်လုပ်ငန်းများကို အသိပေးရန် အီရန်က ပျက်ကွက်ခဲ့ကြောင်း အိုင်အေအီးအေက တနင်္လာနေ့၌ စွပ်စွဲပြောကြားလိုက်ခြင်းကြောင့် အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်မည် မဟုတ်တော့ကြောင်း အီရန်နိုင်ငံက ခြိမ်းခြောက် ပြောကြားလိုက်သည်။ **(စီအက်ဖ်အိုင်)**

မတ် ၁၄ ရက်က တီကရစ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြည်သူ့ကွန်ဂရက်အစည်းအဝေးပြီးဆုံး

ပေကျင်း မတ် ၁၅

တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၏ ဒသမအကြိမ်မြောက် ညီလာခံ၏ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲသည် ယမန်နေ့က ပြီးဆုံးခဲ့ကြောင်း သိရသည်။ ယခုနှစ်ကျင်းပသည့်ဆွေးနွေးပွဲသည် ယခင်နှစ်က ဆွေးနွေးပွဲထက် လေးရက်လျော့နည်းကာ ဆယ်ရက်သာ ကျင်းပခဲ့သော်လည်း သမိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို ဆုံးဖြတ်နိုင်ခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲ၌ ဝန်ကြီးချုပ်တင်ပြသော လုပ်ဆောင်ရေး အစီရင်ခံစာ အဆိုပြုချက်များကို ဆုံးဖြတ်ခဲ့ကြကာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအတွက်လည်း ထိပ်တန်းဥပဒေပြုပုဂ္ဂိုလ်ပေါင်း ၃၀၀၀ နီးပါးက မဲပေးခဲ့ကြသည်။ **(စီစီတီဗွီ)**

မည်သည့်ဒီမိုကရေစီမှ ပြီးပြည့်စုံခြင်းမရှိ အမေရိကန်၏ဒီမိုကရေစီလည်း ထိုနည်းလည်းကောင်းဖြစ်

မော်စကို မတ် ၁၅

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ၎င်းအပြတ်အသတ် ပြန်လည်အရွေးခံရခြင်းကို အမေရိကန်ပြည်ထောင်စုက ဝေဖန်ပြောဆိုခဲ့ခြင်းအား တနင်္လာနေ့က အရေးမစိုက်ဘဲ ပယ်ချလိုက်သည်။

ထိုသို့ ပယ်ချရာ၌ သမ္မတပူတင်က ဒီမိုကရေစီသည် လုံးဝဥသုံပြည့်စုံကောင်းမွန်ခြင်းမရှိကြောင်း၊ အမေရိကန်၏ ဒီမိုကရေစီသည်ပင်လျှင် ပြည့်စုံကောင်းမွန်ခြင်းမရှိကြောင်း ပြောကြားသည်။

ပြစ်တင်ဝေဖန်

ပူတင်သည် တနင်္ဂနွေနေ့က ပြုလုပ်သော သမ္မတ ဒုတိယသက်တမ်းအတွက် ပြန်လည်အရွေးခံရရာ၌ ဆန္ဒမဲ ၇၀ ရာခိုင်နှုန်းကျော် ရရှိခဲ့သည်။ ထိုသို့ရရှိခဲ့သည်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က သမ္မတရွေးပွဲအတွက် မဲဆွယ်စည်းရုံးစဉ် ပူတင်၏ ပြိုင်ဘက်များသည် လူထုဆက်သွယ်ရေးကို အညီအမျှ အသုံးချခွင့် ငြင်းပယ်ခြင်းခံခဲ့ကြရကြောင်း ပြောဆိုကာ သမ္မတပူတင် ပြန်လည်အရွေးခံရခြင်းကို ပြစ်တင်ဝေဖန်ခဲ့သည်။

ကိုယ့်ကိုယ်ကို ဝေဖန်ခြင်းမပြုဘဲ အခြားသူကို ဝေဖန်မည်ဆိုလျှင် မှန်ကန်သောအတွေးအခေါ် မည်သူ့တွင်မျှမရှိဟု မိမိထင်ကြောင်း ရွေးချယ်ပွဲအပြီးပြုလုပ်သော သတင်းစာရှင်းပွဲ၌ ပူတင်က ပြောကြားသည်။

မိမိတို့တွင် သူများမျက်စိထဲ၌ရှိသော အမှိုက်ကိုသာမြင်ပြီး ကိုယ့်မျက်စိထဲ၌ရှိသော အမှိုက်ကို မမြင်ဆိုသည့် ဆိုစကားရှိကြောင်း၊ ဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံအများအပြားတွင် ၎င်းတို့၏ ကိုယ်ပိုင်ဒီမိုကရေစီနှင့် ဆန္ဒမဲပေးမှု လုပ်ထုံးလုပ်နည်းပြဿနာအများအပြားရှိကြောင်း၊ လွန်ခဲ့သည့် လေးနှစ်နီးပါးတွင် အမေရိကန်မဲပေးစနစ် ချွတ်ချော်မှုဖြစ်ခဲ့သည်ကို မိမိတို့ အံ့သြစွာတွေ့မြင်ခဲ့ကြရကြောင်း သမ္မတပူတင်က ပြောကြားသည်။

အနိုင်ရခဲ့

သမ္မတပူတင်သည် ၂၀၀၀ ပြည့်နှစ် အမေရိကန်သမ္မတ ရွေးချယ်ပွဲ မည်သို့အပြီးသတ်မည်ကို ရင်တမမဖြစ်ခဲ့ရသည်ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ထိုအချိန်က ဖလော်ရီဒါပြည်နယ်တွင် ဂျော့ဒဗလျူဘုရှ်သည် အယ်လ်ဂိုးအား ဆန္ဒမဲပြားများ၏ ဥပဒေအရ တရားဝင်မှုအပေါ် တရားရုံး ဆုံးဖြတ်ချက်ဖြင့် အနိုင်ရခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ရုရှားနိုင်ငံ၏သမ္မတရွေးချယ်ပွဲတွင် အတိုက်အခံ သမ္မတလောင်းများကို ပြည့်ပြည့်ဝဝမဆောင်ရွက်နိုင်အောင် ဘာကြောင့်ဟန့်တားထားသည်ကို မိမိနားမလည်ကြောင်း ပြောဆိုဝေဖန်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မတ် ၁၄ ရက်က မိုဆူးလ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ လမ်းဘေးဗုံးများအန္တရာယ်ကြီးမားလာ၊ ကန်တပ်ဖွဲ့ဝင်များကိုတိုက်ရာ၌ နည်းစနစ်သစ်များကျင့်သုံး

ဘဂ္ဂဒက် မတ် ၁၄

အီရတ်တွင် ဗုံးလုပ်သူများသည် ယခုအခါ နည်းစနစ်သစ်များကို အမေရိကန်နှင့်အပေါင်းပါတပ်များကို တိုက်ခိုက်ရာ၌ ကျင့်သုံးလာကြကြောင်း အမေရိကန် စစ်ဘက်အရာရှိများက တနင်္ဂနွေနေ့တွင် ပြောကြားကြသည်။

ယခုသီတင်းပတ်ကုန်၌ ဗုံးလုပ်သူများ၏ လမ်းဘေးဗုံးများပေါက်ကွဲထိမှန်မှုကြောင့် နောက်ထပ်ခြောက်ဦး သေဆုံးခဲ့ရသည်။

ပြောကြား

အီရတ်ဗုံးလုပ်သူများကျင့်သုံးလာသည့် နည်းစနစ်သစ်များတွင် ယာဉ်တန်းလမ်းကြောင်းတစ်လျှောက်၌ မျိုးစုံဆောင်ရွက်နိုင်သောနည်းများ၊ တိရစ္ဆာန်အသေကောင်များအတွင်း ဗုံးများကိုထည့်သွင်းပြီး ဖုံးထားခြင်း၊ ချုံခိုတိုက်ခိုက်ရန်အတွက် တပ်ဖွဲ့ဝင်များကို အမြောက်ကျည်ဆန်ခွံများ ထောင်ထားခြင်းတို့ ပါဝင်ကြောင်း အရာရှိများက ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ဘက်၌ အမေရိကန်စစ်ယာဉ်တန်း တနင်္ဂနွေနေ့ အစောပိုင်းက လမ်းဘေးဗုံးပေါက်ကွဲထိမှန်ခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့သည်။

တိုက်ခိုက်

ဘဂ္ဂဒက်အရှေ့တောင်ဘက်၌ စနေနေ့ညက ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုတွင် ကင်းလှည့်အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့သည်။ တီကရစ်၌ စနေနေ့က ဗုံးဖောက်ခွဲပြီး လက်နက်ငယ်များဖြင့်တိုက်ခိုက်ခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

အာတိတ်သမုဒ္ဒရာရှိ ရေခဲများနှင့်အလာစကာ ရေခဲပြင်ကြီးများ ကမ္ဘာကြီးပူနွေးလာမှုကြောင့် အရည်ပျော်ကျလာ

ပါရီ မတ် ၁၅

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အာတိတ်သမုဒ္ဒရာရှိရေခဲများနှင့် အလာစကာရှိရေခဲပြင်ကြီးများအရည်ပျော်ကျလာခဲ့ရာ အချို့နိုင်ငံများ၏နှင်းလျှောစီးစခန်း များသည် ရေခဲပြင်များနည်းပါလာသည့်အတွက် စီးပွားရေးပျက်စီးမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်းသိရသည်။ ဥရောပရှိရေခဲပြင်များ အရည်ပျော်လာခဲ့ရာ နှစ်ငါးဆယ်အတွင်း ဩစတြီးယားရှိရေခဲပြင်များ၏ ထက်ဝက်ခန့်ဆုံးရှုံးသွားနိုင်မည်ဟု မိုးလေဝသသုတေသီများက ခန့်မှန်းကြသည်။ ဩစတြီးယားရှိ နှင်းခဲဖုံး အဲလ်ပိုင်းတောင်တန်းများပေါ်ရှိ စကိတ်စီးအပန်းဖြေစခန်းများသည် ခရီးသွားများနှစ်သက်သည့်နေရာဖြစ်ပြီး တစ်နှစ်လျှင် သန်းနှစ်ဆယ်ခန့် လာရောက်လည်ပတ်သည်။

ကမ္ဘာကြီးပူနွေးမှုအကျိုးဆက်ကြောင့် ပြီးခဲ့သောလက နှစ်မီတာခန့်အထူရှိ နှင်းထုများ အရည်ပျော်သွားခဲ့ရာ နည်းလမ်းတစ်ရပ်အနေဖြင့် ရေခဲဖုံးတောင်များကို အဝတ်ဖြူဖြင့် ဖုံးအုပ်ကာကွယ်ထားကြောင်း သိရသည်။ ရေရှည်တွင် ဤနည်းလမ်းသည် အကျိုးသက်ရောက်မှုမရှိနိုင်သည့်အတွက် ကမ္ဘာကြီးပူနွေးလာမှု၏ဒဏ်ကို နှစ်စဉ်ဆက်လက်ခံစားရဖွယ်ရှိသည်။ နှင်းလျှောစီးစခန်းရှိ အရည်ပျော်နေသော လျှိုများကိုလည်း ရေခဲများဖြည့်ပေးရလျက်ရှိရာ အန္တရာယ်ရှိသည့် လုပ်ငန်းဖြစ်ကြောင်းနှင့် စကိတ်စီးလိုသူများအတွက် ဆောင်းရာသီကို စောင့်ဆိုင်းရမည်ဖြစ်ကြောင်းသိရသည်။ **(စီအင်န်အင်န်)**

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲကြောင့် အီရတ်ပြည်သူ ထောင်ပေါင်းများစွာ သေဆုံးခဲ့ကြရ

အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်ကိုကျူးကျော်စစ်ဆင်နွှဲခြင်းကြောင့် အပြစ်မဲ့အီရတ်နိုင်ငံသား အများအပြားသေဆုံးခဲ့ကြရပြီး အီရတ်ပြည်သူတို့ အားကိုးအားထားရာ အီရတ်တပ်မတော်လည်း ပြိုကွဲခဲ့ရသည်။ အီရတ်နိုင်ငံကို အကာအကွယ်ပေးနေသည့် အီရတ်တပ်မတော်မရှိတော့သဖြင့် အမေရိကန်နှင့်အပေါင်းပါတို့က အီရတ်နိုင်ငံအား နိုင်ထက်စီးနင်း ဆက်လက်သိမ်းပိုက်ထားသဖြင့် အီရတ်ပြည်သူများ နေ့စဉ်သေဆုံးမှုများဖြစ်ပေါ်ကာ ဒုက္ခမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

မတ် ၂ ရက်က ဘဂ္ဂဒက်မြို့ ခါဒီမီယာဒေသ၌ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် အီရတ်များကို လူနာတင်ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော ခင်ပွန်းသည်အတွက် ငိုကြွေးနေသည့် ဇနီးဖြစ်သူအား ဖေဖော်ဝါရီ ၂၃ ရက်က ကယ်ကွတ်ဆေးရုံ၌ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မတ် ၂ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့၌ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသွားသော အီရတ်ကလေးငယ်တစ်ဦးကို ပွေ့ချီသယ်ဆောင်လာစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မတ် ၂ ရက်က ကယ်ကွတ်မြို့၌ အမေရိကန်တို့၏ မဆင်မခြင်ပစ်ခတ်မှုများကြောင့် အီရတ်မိသားစုများ ဘေးလွတ်ရာသို့ ပြေးလွှားနေကြ ရသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဝမ်းနည်း ငိုကြွေး

ဖေဖော်ဝါရီ၂၈ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်သည့် ဒုံးကျည်ပေါက်ကွဲ ထိမှန်မှုကြောင့် သေဆုံးသွားသော အီရတ်များအတွက် ၎င်းတို့၏ မိသားစုဝင်များက ဝမ်းနည်းပူဆွေး ငိုကြွေးနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ တိုက်ခိုက်မှုကြောင့် ၂၀၀၄ ခုနှစ် မတ်လအထိ အီရတ်ပြည်သူများသေဆုံးမှု

စဉ်	တိုက်ခိုက်ခံရမှု	သေဆုံးသူပေါင်း
၁	ကလပ်စတာဗုံးပေါက်ကွဲမှု (၂၀၀၃ မတ်မှ ဧပြီ အထိ)	၂၇၉
၂	လေကြောင်းတိုက်ခိုက်မှု (၂၀၀၃ မတ်မှ စက်တင်ဘာ အထိ)	၁၁၆၉
၃	သေနတ်ပစ်မှု (၂၀၀၃ မတ်မှ ၂၀၀၄ ဖေဖော်ဝါရီ အထိ)	၂၉၁
၄	စိန်ပြောင်းကျည်ပေါက်ကွဲမှု (၂၀၀၄ ဖေဖော်ဝါရီအတွင်း)	၃
၅	တင့်ကားမှ ပစ်ခတ်မှု	၂
၆	အခြားဖြစ်စဉ်များ (၂၀၀၃ မတ်မှ ၂၀၀၄ မတ် အထိ)	၈၃၄၉
	စုစုပေါင်း	၁၀၀၉၃

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို



မင်းကင်းမြို့နယ်တွင် တပ်မတော်က တည်ဆောက်လျက်ရှိသည့် တိန်းတံတားမြင်ကွင်းကို တွေ့ရစဉ်။

မုံရွာ–ကလေးဝ လမ်းပေါ်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ တပ်မတော်သားများ။

စစ်ကိုင်းတိုင်း ကနီမြို့တွင် မကြာမီဖွင့်လှစ်တော့မည့် မြို့မတံတားကို ဤသို့ တွေ့ရသည်။

တိန်းတံတား တည်နေရာပြ မြေပုံ။

တပ်မတော်က တည်ဆောက်ခဲ့သည့် မကြာမီဖွင့်လှစ်တော့မည့် တံတားများ

စဉ်	တံတားအမည်	တည်နေရာ	အရှည်ပေ
၁	မြို့မ	စစ်ကိုင်းတိုင်း ကနီမြို့ မုံရွာ–ကလေးဝလမ်း	၅၄၀
၂	တိန်း	စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ–ကလေးဝလမ်း	၃၆၀

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်တွင် မကြာမီဖွင့်လှစ်တော့မည့် တိန်းတံတားကို ဤသို့တွေ့ရသည်။

မြို့မတံတား တည်နေရာပြ မြေပုံ။

တပ်မတော်က တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တံတားများ

စဉ်	အမည်	တည်နေရာ	အရှည်ပေ
၁။	ပသောင်းတံတား	တနင်္သာရီတိုင်း မြိတ်မြို့နယ်	၈၁၀
၂။	ဒေါ်လန်းတံတား	ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်	၁၀၀၀
၃။	ငမိုးရိပ်တံတား	ရန်ကုန်တိုင်း ရန်ကုန်မြို့	၆၆၀
၄။	ပုထိုးလုံတံတား	စစ်ကိုင်းတိုင်း ကနီမြို့	၄၅၀
၅။	လပင်တံတား	စစ်ကိုင်းတိုင်း ကလေးဝမြို့	၂၂၀

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

တပ်မတော်သည် တော်လှန်ရေးကောင်စီကို ဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ယူပြီးနောက် နိုင်ငံကိုတည်ဆောက်ရင်း ကာကွယ်စောင့်ရှောက်နေသော ၁၉၇၀-၇၁ ခုနှစ်ဝန်းကျင်ကာလဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခြေခံဒေသဖြစ်သော ပဲခူးရိုးမဒေသရှိ ဗကပဗဟိုဌာနချုပ်အား တပ်မတော်နှင့် ဒေသခံပြည်သူတို့ ဝိုင်းဝန်းပိတ်ဆို့၍ ချေမှုန်းနေစဉ်မှာပင် အဝေးရောက် ဗကပ ဗဟိုကော်မတီသည် အင်တောကျောက်ဂူဒေသတွင် ဗကပ ဗဟိုခွဲကို ဖွင့်လှစ်လှုပ်ရှားလာခဲ့သည်။

သို့သော်လည်း တပ်မတော်က လက်ဦးမှုရယူပြီး ဗကပတို့အား ထိုးစစ်ဖြင့် ချေမှုန်းခဲ့ရာ ၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၂၇ ရက်တွင် ဗကပဗဟိုခွဲအတွင်းရေးမှူးနှင့် ဗကပသောင်းကျန်းသူခုနစ်ဦးအားလည်းကောင်း၊ စက်တင်ဘာ ၈ ရက်တွင် ဗကပ ဗဟိုခွဲဥက္ကဋ္ဌ အပါအဝင် ဗကပ သောင်းကျန်းသူ ငါးဦးအားလည်းကောင်း အသေရမိခဲ့ပြီး လက်နက်ကြီး၊ ငယ်မျိုးစုံ ၃၈ လက်ကို သိမ်းဆည်းရမိခဲ့သည်။ ဗကပ ဗဟိုဌာနခွဲလည်း ပြိုကွဲပျက်စီးသွားခဲ့သည်။ **ဤသည်မှာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အမြဲတမ်းလေ့ကျင့်ပြီး အမြဲတမ်းစစ်ရေးသတိရှိ၍ အမြဲတမ်းတိုက်ပွဲဝင်ရန် အသင့်ရှိနေသော တပ်မတော်က တရားသော စစ်ပွဲကို ဆင်နွှဲခဲ့သောကြောင့် အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်သည်။**

သို့ရာတွင် ဗကပတို့သည် စစ်ရေးအင်အားများ တိုးချဲ့ဖွဲ့စည်းခြင်း၊ စစ်နယ်မြေတိုးချဲ့တည်ဆောက်ခြင်းတို့ ဆက်လက်ပြုလုပ်ခဲ့ရာ အရှေ့မြောက်ဒေသတွင် အင်အား ၃၀၀၀ကျော် ရှိလာခဲ့သည်။ ၎င်းတို့သည် တပ်မတော်နှင့် ကွမ်းလုံဒေသတွင် ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှ ဒီဇင်ဘာလ ၂၈ ရက်အထိ ရက်ပေါင်း ၄၀ ကြာမျှ ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။

ဗကပတို့သည် ၁၉၇၁ခုနှစ်က ချမှတ်ထားသော ယင်းတို့၏ နိုင်ငံရေး၊ စစ်ရေး၊ မဟာဗျူဟာရည်မှန်းချက်အရ ကွမ်းလုံမြို့ကို သိမ်းယူရရှိပြီးလျှင် သံလွင်အနောက်ခြမ်းဒေသအား ဗကပတို့၏ လွတ်မြောက်သော နယ်မြေအဖြစ် တည်ဆောက်သွားရန် ဖြစ်သည်။

ယင်းမဟာဗျူဟာ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ဗကပတို့သည် ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်မှစ၍ စစ်ရေးလှုပ်ရှားမှုများစတင်လာခဲ့ရာ သံလွင်မြစ်အရှေ့ဘက်ခြမ်းဒေသတွင် ဗကပ အင်အား ၂၀၀၀ ကျော်ဖြင့် လည်းကောင်း၊ သံလွင်အနောက်ခြမ်းဒေသတွင် အင်အား ၁၀၀၀ ကျော်တို့ဖြင့်လည်းကောင်း၊ လက်နက်ကြီးအဖွဲ့အပါအဝင် စက်သေနတ်ကြီးခုနစ်လက်တို့ဖြင့် လည်းကောင်း ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် ကွမ်းလုံမြို့ကို စတင် တိုက်ခိုက်ခဲ့ကြသည်။

ကွမ်းလုံဒေသဝန်းကျင်တွင် လက်နက်ကြီးငယ်တို့၏ ပစ်ခတ်သံများသည် နေ့ညမပြတ် လွှမ်းမိုးလျက်ရှိသည်။ ဗကပတို့သည် နိုဝင်ဘာလ ၂၀ ရက် အရုဏ်ဦးမှ စတင်၍လွယ်မန်ခါးစခန်းကိုစတင်တိုက်ခိုက်ကြသည်။ တပ်မတော်က ကြံ့ကြံ့ခံတွန်းလှန်တိုက်ခိုက်ခဲ့ရာ ဗကပတို့နှင့် အနီးကပ် လုံးစုပ်ထိုး တိုက်ပွဲ ရှစ်ကြိမ်မျှ ဖြစ်ပွားခဲ့သည်။ တပ်မတော်သားများသည် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ၏တပ်မတော်အတွက် အသက်ကို စွန့်လွှတ်မည်ဟူသော တပ်မတော်၏ သစ္စာအဓိဋ္ဌာန်ကို ရင်ထဲတွင် စွဲမြဲစေလျက် ရန်သူဗကပနှင့် ရင်ဆိုင်တိုက်ပြီး အနိုင်ယူရန် သန္နိဋ္ဌာန်ကို ပြတ်သားရဲရင့်စွာ ချမှတ်ပြီးဖြစ်သည်။ ဗကပတို့သည် ပေ ၄၀၀၀ ကျော် မြင့်သော တပ်မတော်၏ လွယ်မန်ခါးစခန်းကို နိုဝင်ဘာလ ၂၂ ရက်၊ ၂၅ ရက်၊ ၂၆ ရက်တို့တွင် လည်းကောင်း၊ တစ်ဆက်တည်းပင် ပေ ၆၀၀၀ ကျော်အမြင့်ရှိ တောင်ကြောပေါ်မှ ရှောင်တိုလင်စခန်းအား နိုဝင်ဘာလ ၂၆ ရက်တွင် လည်းကောင်း လက်နက်ကြီးပစ်ကူအား ကြီးမားစွာဖြင့် ဆက်လက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

၁၉၇၁ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် ကွမ်းလုံတိုက်ပွဲကို အဆုံးအဖြတ်ပေးမည့် ဟိုက်ကမ်းပါးစခန်း၌ တပ်မတော်သည် ဗကပများနှင့် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားနေစဉ် တပ်မတော် စစ်ကူများကလည်း လွယ်မန်ခါးနှင့် ပညက်ထန်တောင် ကြောပေါ်မှ လက်နက်ကြီးများဖြင့် ပစ်ကူပေးလျက်ရှိသည်။ ဗကပများကလည်း အင်အား ၂၀၀ ခန့်စီ အသုတ်လိုက်ခွဲပြီး လူအင်အားသုံး အတင်းဝင်ရောက် တိုက်ခိုက်လာကြသည်။ တပ်မတော်သည် ဗကပတို့ကို ရင်ဆိုင်တိုက်ခိုက်ရာ၌ သေနတ်မောင်းခလုတ်များကို လက်အန်သေသည်အထိ ပစ်ခတ်တိုက်ပွဲဝင်ခဲ့ရသည်။ ဗကပတို့သည် လူအင်အား သာလွန်များပြားစွာဖြင့် တစ်သုတ်ပြီး တစ်သုတ်၊ လူလှိုင်းလုံးကြီးများသုံး၍ တိုက်ခိုက်လျက်ရှိသည်။ ပတ်ဝန်းကျင်သည် ယမ်းခိုးယမ်းငွေ့များဖြင့် ညို့မှိုင်းလျက်ရှိသည်။ ဗကပတို့၏ အလောင်းများကား မြင်မကောင်းစွာရှိနေခဲ့သည်။

ဗကပတို့သည် ဟိုက်ကမ်းပါးစခန်းကို မရမနေ တိုက်ခိုက်ရန် ကြိုးပမ်းနေကြသည်။ ဟိုက်ကမ်းပါးစခန်းတိုက်ပွဲသည် ဗကပ တို့အတွက် ကွမ်းလုံမြို့ကိုရရှိရန် အဆုံးအဖြတ်ပေးမည့် တိုက်ပွဲဖြစ်၍ ရှိသမျှလူနှင့် လက်နက်အင်အားကို အသုံးပြုတိုက်ခိုက်လာခဲ့သည်။

တပ်မတော်သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတပ်မတော်အတွက်လည်းကောင်း၊ နိုင်ငံနှင့်လူမျိုးအား အသက်ပေးကာကွယ်စောင့်ရှောက်သွားကြသော တပ်မတော်သားများအတွက် လည်းကောင်း အသက်သွေးချွေးပေးဆပ်ခြင်းသည် ဂုဏ်ရောင်ပြောင်သော စွန့်လွှတ်ပေးဆပ်ခြင်းဖြစ်သည်ဟူ၍ မြဲမြဲစွဲခံယူထားပြီးဖြစ်သည်။



ခြူးရွှေ-ပန်ကောက်တိုက်ပွဲတွင် တပ်မတော်သားများက သောင်းကျန်းသူများအား ရဲဝံ့စွန့်စားစွာ ဤသို့ တိုက်ခိုက်ချေမှုန်းခဲ့ကြသည်။

ထို့ကြောင့်ပင် တပ်မတော်သားများသည် သူရဲကောင်းတို့၏ စိတ်ဓာတ်ဖြင့်ရန်သူတပ်တွင်းသို့ တစ်ဟုန်ထိုး ထိုးဖောက် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဗကပတို့လည်းကျဆုံးသူနှင့် ဒဏ်ရာရသူ များကိုပင် မကောက်နိုင်တော့ဘဲ ကစဉ့်ကလျား လက်လွတ်ထွက်ပြေးသွားကြရသည်။ တပ်မတော်သည် ဗကပတို့၏ ထိုးစစ်ကို ချေမှုန်းတွန်းလှန်နိုင်ခဲ့ပြီး ဟိုက်ကမ်းပါးစခန်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။ ဟိုက်ကမ်းပါးစခန်း တွင် နိုင်ငံတော်အလံသည် အောင်ပွဲခံကာ တလူလူလွင့်လျက်ရှိနေခဲ့သည်။ **ဤသည်မှာ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးခြင်း၊ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားခြင်း၊ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်း အဆင်းရဲခံနိုင်ခြင်း၊ ဖွဲ့လုံ့လဝီရိယရှိခြင်း၊ ဒို့တာဝန်အရေးသုံးပါးဖြစ် သည့် အမျိုးသားရေးမူဝါဒကို အမြဲဦးထိပ်ပန်ဆင်ခြင်းဟူသော တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်ကို ဟိုက်ကမ်းပါးတိုက်ပွဲက ထင်ဟပ်စေခဲ့သည်။**

ဆိုရလျှင် ဟိုက်ကမ်းပါးတိုက်ပွဲ၏ စစ်ဆင်ရေးအောင်ပွဲသည် တပ်မတော်အတွက် ကြီးမားသောစစ်ရေးအောင်ပွဲဖြစ်သည်။ မိမိ

အောင်ပွဲခံတပ်မ...

တပ်မတော်သည် ခံစစ်မှ ထိုးစစ်သို့ လျင်မြန်စွာပြောင်းလဲ ဖန်တီးရယူလိုက်နိုင်သည်။ ဗကပ၏ ထိုးစစ်သည် ကစဉ့်ကလျား ပြိုကွဲသွားသည်နှင့် တစ်ဆက်တည်းပင် တပ်မတော်က ထက်ကြပ်မကွာ ထိုးစစ်ကို ဆင်နွှဲခဲ့သည်။ ဒီဇင်ဘာလ ၁၁ ရက်တွင် ထိုးစစ်ပြိုကွဲ သွားသော ဗကပများကို တပ်မတော်က တန်ပြန်ထိုးစစ်ဖြင့် ဆင်နွှဲ တိုက်ခိုက်ခဲ့ရာ လွယ်မန်ခါးတောင်ကြောကို ပြန်လည် သိမ်းပိုက် ရရှိသည်။ ယင်းနောက် ဒီဇင်ဘာလ ၁၈ ရက်တွင် ကောင်းကြံတိုက်ပွဲကို ဆက်လက်တိုက်ခိုက်ခဲ့ရာ ဗကပတို့သည် ကျဆုံးသူ အလောင်းများကိုပင် မကောက်နိုင်တော့ဘဲ ဆုတ်ခွာထွက်ပြေးသွားကြရတော့သည်။

စင်စစ်တပ်မတော်သည် ကွမ်းလုံရက် ၄၀ တိုက်ပွဲတွင် နိုင်ငံတော်နယ်မြေ တည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်စိုးမှုကို ခြိမ်းခြောက်လာခဲ့သော ဗကပတို့အား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဇာတိမာန်တို့ဖြင့် ပြင်းထန်စွာ တွန်းလှန်ချေမှုန်းခဲ့သောကြောင့် ရန်သူဗကပ အင်အား ၁၂၀၀ ကျော် ကျဆုံးခဲ့သည်။ တပ်မတော်မှ နိုင်ငံသားကောင်းအရာရှိ၊ အကြပ်စစ်သည် ၈၅ ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရ၍ ၂၇၄ ဦး ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ပေးဆပ်ခဲ့ရသည်။

တပ်မတော်သည် မိမိထက်အင်အားများပြားသော ပြည်တွင်းပြည်ပအန္တရာယ်များအား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် တွန်းလှန်ချေမှုန်းပြီး အောင်ပွဲ ရယူနိုင်ခဲ့သည့်အစဉ်အလာများ ရှိခဲ့သည်။ **ဤသည်မှာ တပ်မတော်သားတိုင်းတွင် ဦးထိပ်ရွက်ပန်ဆင်ထားသော နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ်၊ စစ်သည်တော်ကျင့်ဝတ်စည်းကမ်းကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာကျင့်ကြံခံယူစောင့်စည်းမှု၊ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ၏တပ်မတော်အတွက် အသက်ပေးကာကွယ် စောင့်ရှောက်ရမည်ဟူသော သစ္စာတရားစောင့်ထိန်းမှု၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုနှင့်အတူ တပ်တွင်းစည်းလုံး ညီညွတ်မှုကို အမြဲတစေ တည်ဆောက်နေမှု၊ စစ်ရေးစွမ်းရည်၊ စည်းရုံးရေး စွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဟူသော စွမ်းရည်သုံးရပ် ထက်မြက်အောင် အားထုတ်ကြိုးပမ်းမှုဟူသော တပ်မတော်သားတိုင်းတွင်တည်ရှိသည့် အရည်အချင်းများကြောင့် တပ်မတော်သည် တိုက်ပွဲတိုင်းတွင် အောင်ပွဲခံနိုင်ခြင်းဖြစ်သည်။**

ယင်းတိုက်ပွဲများအနက် သမိုင်းဝင်ထင်ရှားသော တိုက်ပွဲတစ်ခုဖြစ်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ဆင်နွှဲခဲ့သော ခြူးရွှေ-ပန်ကောက်တိုက်ပွဲသည်လည်း အပါအဝင်ဖြစ်သည်။

ကွမ်းလုံရက် ၄၀ တိုက်ပွဲမှ ပြိုကွဲသွားခဲ့သော ဗကပတို့သည် ရှိသမျှအင်အားကို ပြန်လည်စုစည်းပြီး၁၉၇၇ ခုနှစ်တွင် ကွမ်းလုံ အရှေ့ခြမ်းရှိ ဟိုပန်ဒေသစိုးမိုးရေးကို အပြင်းအထန် ကြိုးပမ်းလာကြပြန်သည်။

ဤသို့လျှင် ဗကပတို့သည် ဟိုပန်ဒေသကို အပြီးအပိုင်သိမ်းယူနိုင်ရေး မဟာဗျူဟာအရ ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့ ညနေ ၆ နာရီတွင် ခြူးရွှေစခန်းအနီး လွယ်လရွာသစ်ရှိ တပ်မတော် တပ်စုတစ်စုအား ဗကပအင်အား ၃၀၀ ကျော်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ အလားတူပင် ခြူးရွှေစခန်း ကာကင်းတပ်စိတ်ကိုလည်း

စစ်သ...

ဗကပအင်အား၁၀၀ကျော်က ဝိုင်းဝန်း...
ကောင်းကော်စခန်းသို့ ယာယီဆု...
အောက်တို ဘာလ ၃ ရက်နေ့ နံနက်...
မှ အင်အား ၂၀ ဖြင့် တပ်စွဲထားသော...
၂၀၀က လက်နက်ကြီးပစ်ကူများဖြင့်...
အဖွဲ့များခွဲပြီး ဟိုပန်သို့ ယာယီဆု...

အလားတူပင် တပ်မတော်နှင့်...
အင်အား ၃၇ ဦးမျှသာရှိသော ပန်...
လက်နက်ကြီးပစ်ကူများဖြင့် တိုက်ခို...
ပေးခဲ့ရသည်။ ယင်းနောက် တပ်မတေ...
သည့် ပန်ကောက် အောက်စခန်းကို...
တိုက်ခိုက်လာသဖြင့် ယာယီဆုတ်ခွာ...
ရှိ တပ်မတော်မှ တပ်စိတ်တစ်စိတ်နှင့်...
ရေး ပြည်သူ့စစ်အဖွဲ့ဝင် ၁၃ ဦးတို့သ...
ကြသည်နှင့် ဗကပတို့ကို ရင်ဆို...
ပြင်ဆင်ထားပြီး ဗကပအင်အား ၁၀၀...

ဗကပသောင်းကျန်းသူစခန်းမျ...
ချေမှုန်းခဲ့ကြသည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

တပ်မတော်

စစ်သည်နန္ဒ

ဗကပအင်အား၁၀၀ကျော်က ဝိုင်းဝန်းတိုက်ခိုက်၍ ကာကင်း တပ်စိတ်က ကောင်းကော်စခန်းသို့ ယာယီဆုတ်ခွာပေးခဲ့ရသည်။ ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့ နံနက် ၆ နာရီ မိနစ် ၂၀ တွင် တပ်မတော်မှ အင်အား ၂၀ ဖြင့် တပ်စွဲထားသော ခြူးရွှေစခန်းကို ဗကပအင်အား ၂၀၀က လက်နက်ကြီးပစ်ကူများဖြင့် တိုက်ခိုက်လာ၍ တပ်မတော်က အဖွဲ့များခွဲပြီး ဟိုပန်သို့ ယာယီဆုတ်ခွာပေးခဲ့ရသည်။

အလားတူပင် တပ်မတော်နှင့် ပြည်သူ့ရဲအပါအဝင် ပူးပေါင်းအင်အား ၃၇ ဦးမျှသာရှိသော ပန်ကောက်စခန်းကိုလည်း ဗကပက လက်နက်ကြီးပစ်ကူများဖြင့် တိုက်ခိုက်လာရာ စခန်းမှယာယီဆုတ်ခွာပေးခဲ့ရသည်။ ယင်းနောက် တပ်မတော်သား အင်အား ၁၂ ဦးမျှသာရှိသည့် ပန်ကောက် အောက်စခန်းကိုလည်း ဗကပတို့က ဆက်လက်တိုက်ခိုက်လာသဖြင့် ယာယီဆုတ်ခွာပေးခဲ့ရသည်။ လွယ်မလုံမန်းစခန်းရှိ တပ်မတော်မှ တပ်စိတ်တစ်စိတ်နှင့် ဒေသခံသောင်းကျန်းသူ ဆန့်ကျင်ရေး ပြည်သူ့စစ်အဖွဲ့ဝင် ၁၃ ဦးတို့သည် ခြူးရွှေစခန်းတွင် တိုက်ပွဲဖြစ်သံကြားသည်နှင့် ဗကပတို့ကို ရင်ဆိုင်တိုက်ခိုက်ရန် အသင့်နေရာယူပြင်ဆင်ထားပြီး ဗကပအင်အား ၁၀၀ ကျော်က စခန်းအနီးသို့ ချဉ်းကပ်



ကွမ်းလုံ ရက် ၄၀ တိုက်ပွဲတွင် ထိုးစစ်ဆင်လာသော ဗကပ သောင်း ကျန်း သူ များ အား တပ်မတော်က ရင်ကို မြေကတုတ် လုပ်၍ ဤသို့ ခုခံတွန်းလှန်ခဲ့ကြသည်။

လာလျှင်လာချင်း စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ယင်းအပြင် တပ်မတော်မှတပ်စုတစ်စုက စစ်ကူရောက်လာသဖြင့် ရန်သူ ဗကပတို့သည် နှစ်ရက်တိုင်တိုင် အပြင်းအထန်တိုက်ခိုက်ပြီး နောက်ဆုံးတွင် ထိုနေရာမှ ဆုတ်ခွာသွားခဲ့သည်။

တပ်မတော်သည် ဗကပတို့၏ ထိုးစစ်ကို တန်ပြန်တိုက်စစ်ဖြင့် ပြန်လည် တွန်းလှန်ချေမှုန်းရန်အတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ တပ်များကို ပြန်လည်စုဖွဲ့၍ ခြူးရွှေစစ်မျက်နှာတွင် ‘ရဲမင်းအောင်’ စစ်ဆင်ရေးဖြင့် ထိုးစစ်ဆင်နွှဲ တိုက်ခိုက်ခဲ့သည်။

ဤသို့အားဖြင့် တပ်မတော် သည် ရန်သူဗကပ တို့၏ ထိုးစစ်ကို တန်ပြန်တိုက်ခိုက် ချေမှုန်းသော စစ်ဆင်ရေး စတင်ဆင်နွှဲခဲ့ရာ အောက်တိုဘာလ ၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ ခြူးရွှေစစ်မျက်နှာတွင် တိုက်ခိုက်ခဲ့ပြီး အောက်တိုဘာလ ၈ ရက်မှ ၂၈ ရက်နေ့အထိ ရင်ကွဲတောင် စစ်မျက်နှာကို ဆင်နွှဲ တိုက်ခိုက်ခဲ့သည်။ အောက်တိုဘာလ ၈ ရက်မှ ၂၈ ရက်အထိ ဖားကျွတ် စစ်မျက်နှာတွင် တိုက်ခိုက်ခဲ့ပြီး အောက်တိုဘာလ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့ အထိ ဗင်းဟင်ဟိုစစ်မျက်နှာတွင် တိုက်ခိုက်ခဲ့သည်။ ယင်း စစ်မျက်နှာများမှ တိုက်ပွဲများတွင် ဗကပများက ၇၅ မမ၊ ၅၇မမ၊ ၈၂မမ၊ ၆၀မမ၊ ပွိုင့်(၅) စက်သေနတ် စသည့် လက်နက်ကြီးပစ်ကူများဖြင့် အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့သော်လည်း တပ်မတော်က ရဲဝံ့စွန့်စားစွာ တိုက်စစ်ဆင်ခြင်း၊ ခြေလျင်လက်နက်ကြီးများ၊ အမြောက်ပစ်ကူများ၊ လေကြောင်းပစ်ကူများကို ဟန်ချက်ညီစွာ အသုံးပြု တိုက်ခိုက်နိုင်ခဲ့ခြင်းတို့ကြောင့် တပ်မတော်၏ စစ်ရေးစွမ်းရည်ထက်မြက်မှုကို ဗကပတို့ ခံနိုင်ရည်မရှိတော့ဘဲ ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးခဲ့ကြရတော့သည်။ တပ်မတော်သည် ခြူးရွှေ-ပန်ကောက်စခန်းများကို ပြန်လည်သိမ်းယူနိုင်ခဲ့သည့်အပြင် ဗကပတို့ ဆုတ်ခွာရာ လမ်းတစ်လျှောက်နှင့် ဗင်းဟင်ဟိုအစွန်းအထိ တိုးချဲ့တိုက်စစ်ဆင်ခဲ့သဖြင့် ဗကပတို့မှာ အကျအဆုံးများစွာဖြင့် မရှုမလှ အထိနာခဲ့သည်။ ဗကပတို့၏ သံလွင် အရှေ့ခြမ်းဒေသသိမ်းယူရေး မဟာဗျူဟာ ရည်မှန်းချက်သည်လည်း ပြိုကွဲချုပ်ငြိမ်းခဲ့သည်။

ဤသို့လျှင် ရဲမင်းအောင်စစ်ဆင်ရေးသည် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ ၂၄ ရက် ကြာမြင့်ခဲ့ပြီး အနီးကပ်လုံ့စွပ်ထိုးတိုက်ပွဲ (၁၀)ကြိမ်အပါအဝင်၊ တိုက်ပွဲကြီး (၂၅)ကြိမ်ဖြစ်ပွားခဲ့သည်။ ဗကပတို့၏အလောင်း ၃၇၃ လောင်း ကျန်ရစ်၍ မြေမြှုပ်ထားသော အလောင်း ၄၂၆ လောင်းကို ဖော်ထုတ်ရရှိပြီး ဗကပတပ်စုမှူးတစ်ဦးနှင့် တပ်သားတစ်ဦးတို့ လက်နက်ချခဲ့ကြသည်။ တပ်မတော်မှ အရာရှိ ၁၃ ဦးနှင့် စစ်သည် ၁၁၃ ဦး တိုင်းပြည်အတွက် အသက်ပေးလှူ၍ ၂၃၇ဦး ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ရသည်။

ချုပ်၍ဆိုရလျှင် တပ်မတော်က မိမိထက် အဆမတန် အင်အားများသော ရန်သူဗကပများအား အောင်မြင်စွာ တွန်းလှန်ချေမှုန်းနိုင်ခြင်းသည် **နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာစောင့်သိမှု၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ခွဲသတ္တိပြည့်ဝမှု၊ စစ်စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သား ပြည့်ဝမှု၊ တိုက်ရည်ခိုက်ရည် ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အချင်းချင်း ရဲဘော်စိတ်ထားရှိမှု၊ စွန့်လွှတ်စွန့်စားမှု၊ သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှုဟူသော တပ်မတော်၏ အား(၁၀)ပါးကို အခြေခံအင်အားအဖြစ် တည်ဆောက်ထားခြင်း၏ အကျိုးဆက် တရားပင်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် တိုင်းရင်းသား ပြည်သူတို့၏ လူမှုဘဝ အေးချမ်းသာယာရေးအတွက် သမိုင်းပေး တာဝန်များကို အသက်သွေးချွေးဖြင့် ပေးဆပ်တာဝန်ထမ်းဆောင် လျက်ရှိသည့် အောင်ပွဲခံ တပ်မတော် ဖြစ်သည်ကို ကွမ်းလုံ ရက် ၄၀ တိုက်ပွဲနှင့် ခြူးရွှေ-ပန်ကောက်တိုက်ပွဲ တို့က သက်သေပြလျက်ရှိနေပါတော့သည်။** ။



ရဲမင်းအောင်စစ်ဆင်ရေး၏ ခြူးရွှေ-ပန်ကောက် တိုက်ပွဲပြမြေပုံ။

ကွမ်းလုံ ရက် ၄၀ တိုက်ပွဲတွင် ဗကပသောင်းကျန်းသူများ အထိနာစေခဲ့သော ကွမ်းလုံဒေသ ဟိုက်ကမ်းပါးစခန်းကို တွေ့ရစဉ်။

ဗကပသောင်းကျန်းသူစခန်းများအား တပ်မတော်က လက်နက်ကြီးများဖြင့် ဤသို့ တိုက်ခိုက်ချေမှုန်းခဲ့ကြသည်။

တပ်မတော်သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ တပ်မတော်အတွက် လည်းကောင်း၊ နိုင်ငံနှင့် လူမျိုးအား အသက်ပေး ကာကွယ် စောင့်ရှောက်သွားကြသော တပ်မတော်သားများအတွက် လည်းကောင်း၊ အသက်သွေးချွေးပေးဆပ် ခြင်းသည် ဂုဏ်ရောင်ပြောင်သော စွန့်လွှတ်ပေးဆပ်ခြင်း ဖြစ်သည်ဟူ၍ မြဲမြံစွာ ခံယူထားပြီး ဖြစ်သည်။

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် မတ် ၁၆

ပဲခူးတိုင်း ရွှေတောင်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဓမ္မာစရိယ ဘဒ္ဒန္တသြဘာသ ဆရာတော်ကြီးမှူး၍ မတ် ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အင်းစိန် ညောင်ကန်အေး သာသနာ့ရိပ်သာ လက်ထောက်ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက အရှင်ဇဝနနှင့် တွံတေးမြို့နယ် ခရမ်းဝကျေးရွာ ခရမ်းဝ ကျောင်း ဆရာတော် မဟာစည်နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ အရှင်ဓမ္မရာဇာ အရှင်သူမြတ်တို့ကနိဗ္ဗာန်ရောက် ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က-ပ)

သားငါးပွံ့ပြိုး ပြည်အကျိုး

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ်ဖြစ်ထွန်းရေး တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးသည် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်

■ *တစ်နိုင်ငံလုံးမှ*

အစည်းအဝေးသို့ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခြေခံအကျဆုံးလိုအပ်ချက်

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက် သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ပြီးနောက် နိုင်ငံတော်၏အနာဂတ်အတွက် မဖြစ်မနေ ဖြည့်ဆည်းပေးရမည့် အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရအောင် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အကောင်အထည်ပေါ် ဖြစ်ထွန်းရေးတွင် နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေးသည် အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်ကြောင်း။

ထို့အပြင် ဒုတိယလိုအပ်ချက်အနေဖြင့် နိုင်ငံတော်အတွင်းစီးပွားရေး အခြေခံကောင်းများရရှိဖြစ်ထွန်းပြီး စီးပွားရေးနယ်ပယ်ကဏ္ဍစုံတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေဖို့ လိုအပ်ကြောင်း။

တတိယလိုအပ်ချက်မှာ နိုင်ငံတော်အတွင်း လူ့စွမ်းအားအရင်းအမြစ် ပညာရပ်ဆိုင်ရာနယ်ပယ်ကဏ္ဍစုံတွင် ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေစေရေးပင် ဖြစ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါအခြေခံအကျဆုံးလိုအပ်ချက် သုံးရပ် ပြည့်ပြည့်ဝဝဖြစ်ထွန်းစေရေးအတွက် ဘက်စုံထောင့်စုံက စနစ်တကျ စီမံကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ပညာရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးအနေဖြင့် နိုင်ငံတော် ရှေ့ဆက်ရမည့် ခရီးလမ်းကြောင်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များသည် လွန်စွာအရေးပါလှသည်ကို နားလည်သဘောပေါက်ခံယူထားကြဖို့ လိုကြောင်း။

တက်ညီလက်ညီကြိုးပမ်း

နိုင်ငံတော်အစိုးရအနေဖြင့် ပညာသင်ယူမှု အခွင့်အလမ်းများတိုးပွားရေး လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် တက္ကသိုလ်နှင့် ကောလိပ်များ၊ အခြေခံပညာကျောင်းများအသစ်တိုးချဲ့ဖွင့်လှစ်မှု၊ အဆင့်မြှင့်တင်ပေးမှုများနှင့် ပညာရေးမြှင့်တင်မှုအစီအမံများကို ပေါင်းစပ်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ ဆောင်ရွက်ရာ၌ နေရာဒေသ ခွဲခြားမှုမရှိဘဲ တောင်ပေါ်မြေပြန့်၊ အစွန်အဖျားဒေသနှင့် အတွင်းပိုင်းဒေသများအားလုံးတွင် ဖြန့်ကြက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရည်အဆင့်အတန်း မျှတစွာ တိုးတက်ဖြစ်ထွန်းစေရမည်ဆိုသည့် သဘောထားဖြင့် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ထိုသို့ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနေသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများတွင် လိုအပ်သည့် ခေတ်မီ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် အခြားသော အခြေခံလိုအပ်ချက်များ ပြည့်ပြည့်ဝဝဖြည့်ဆည်းပေးနိုင်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကိုချမှတ်ပြီး နိုင်ငံခြားငွေအမြောက်အမြား ကျခံသုံးစွဲကာ စီမံဆောင်ရွက်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း။

ထို့ကြောင့် အဆင့်မြင့်ပညာကဏ္ဍတွင် ယခင်ခေတ်ကာလက နိုင်ငံရပ်ခြားသို့ ပညာသင်အနည်းငယ်သာစေလွှတ်တက်ရောက်စေခဲ့သည့် ပါရဂူဘွဲ့(Ph.D) သင်တန်းများကို နိုင်ငံတော်အတွင်းဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပါရဂူဘွဲ့ရများတိုးတက်မွေးထုတ်ပေးလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏လူဦးရေနှင့် နှိုင်းစာကြည့်လျှင် ပါရဂူဘွဲ့ရပညာရှင်များ များစွာမွေးထုတ်ပေးနိုင်ဖို့ လိုအပ်ဦးမှာဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မီ အဆင့်အတန်းမြင့်မားရေးတို့အတွက် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက နိုင်ငံတော်၏ပညာရေးဆိုင်ရာရည်မှန်းချက်ပန်းတိုင်သည် မှန်ကန်မြန်ဆန်စွာ ရောက်ရှိရေးအတွက် အားနည်းချက်များကိုပြုပြင်ပြီး တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်ကြဖို့လိုကြောင်း။

ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများတွင် အရေအတွက်သာမက အရည်အသွေးပါ ယှဉ်တွဲမြင့်မားလာမှသာ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ အရည်အသွေးမြင့်မားပြီး စွမ်းဆောင်ရည်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များတိုးတက်ဖြစ်ထွန်းရေးသည် လွန်စွာအရေးပါသည့် အလျောက် ယခုကဲ့သို့ မြန်မာနိုင်ငံ ပညာရေးကော်မတီအစည်းအဝေးများကို အခါအားလျော်စွာကျင်းပပြီး လုပ်ငန်းများသုံးသပ်မြှင့်တင်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

ဟန်ချက်ညီညီကြိုးပမ်း

ဤကဲ့သို့ ဗဟိုအဆင့်တွင် စနစ်တကျစီမံချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်နည်းတူ ဗဟိုအဆင့်မှချမှတ်ပေးသည့် ရည်မှန်းချက်လုပ်ငန်းတာဝန်များအကောင်အထည်ပေါ်ဖြစ်ထွန်းစေရေးအတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်များတွင်လည်း ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

အချို့သော အောက်ခြေအဆင့်များသည် တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်မှု အားနည်းသဖြင့် ဗဟိုမှချမှတ်ပေးသော အစီအမံများမှာ အခြေခံအဆင့်တွင် အပြည့်အဝ မဖြစ်ထွန်းသည်များ ကြုံတွေ့နေရကြောင်း။

တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် ဖြန့်ကြက်တည်ရှိနေသည်ဖြစ်ရာ ဗဟိုက ချမှတ်ပေးသော ပညာရေးဆိုင်ရာရည်မှန်းချက်များ အခြေခံအဆင့်ဒေသများထိ အကောင်အထည်ပေါ်ဖြစ်ထွန်းရေးအတွက် ပြည်နယ်၊ တိုင်း တာဝန်ခံများက မြို့နယ်အဆင့်အထိဆင်းပြီး ဆင့်ကဲဆင့်ကဲ ကြပ်မတ်ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်၏ ပညာရေးဆိုင်ရာရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ အားလုံးက ညှိနှိုင်းပေါင်းစပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဝီရိယစိုက် အားထုတ်ကြိုးပမ်းမှု၊ စေတနာကောင်းထားရှိမှုတို့ဖြင့် တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၂/၂၀၀၃)ကြိမ်မြောက် အစည်းအဝေး မှတ်တမ်းကို အတည်ပြုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ၌ တက္ကသိုလ်နှင့် ကောလိပ်များအဆင့်မြှင့်တင် တိုးချဲ့နေသည့်အတွက် ဆရာ ဆရာမဦးရေမှာ ၁၉၈၈ ခုနှစ်တွင် ၅၆၃၈ ဦးသာရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၁၀၈၃၂ ဦးရှိလာသဖြင့် တိုးတက်မှုမှာ ၅၁၉၄ ဦးဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ၌ ကျောင်းသားကျောင်းသူဦးရေအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ၁၃၄၃၂၅ ဦးရှိခဲ့ပြီး ၂၀၀၄ခုနှစ်တွင် ၆၃၁၂၇၆ဦးရှိလာသဖြင့် တိုးတက်မှုမှာ ၄၉၆၉၅၁ ဦးဖြစ်ကြောင်း၊ သင်ကြားပို့ချမှု အစီအစဉ်များ တိုးတက်မှုနှင့်ပတ်သက်၍ ဘွဲ့နှင့်ဘွဲ့လွန်သင်ကြားရေးအစီအစဉ်များမှာ ၁၉၈၈ ခုနှစ်တွင် ၅၉ခုရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ၁၅၇ ခုရှိလာသဖြင့် တိုးတက်မှုမှာ ၉၈ခု ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနအသီးသီး၌ ၁၉၉၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း မဟာဘွဲ့သင်တန်း၊ ဘွဲ့သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ ဘွဲ့ကြိုဒီပလိုမာသင်တန်း၊ လက်မှတ်သင်တန်း ဘာသာရပ်အမျိုးအစား ၁၅၉ မျိုး သင်ကြားပေးလျက်ရှိနေကြောင်း၊ တက္ကသိုလ်ကောလိပ်များမှသင်ကြားနေသည့် ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ ဘွဲ့သင်တန်းနှင့် မဟာဘွဲ့သင်တန်း စုစုပေါင်း ၁၅၇ ခုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများမှ သင်တန်း ၁၅၉ ခုရှိ၍ လက်ရှိပို့ချလျက်ရှိသော သင်တန်းအစီအစဉ် စုစုပေါင်းမှာ ၃၁၆ ခုရှိပြီး ၁၉၈၈ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၅၇ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အထူးပြုဘာသာရပ်များသင်ကြားမှုအခြေအနေကိုလည်းကောင်း၊ ပညာရေးတက္ကသိုလ်များတွင် သင်ကြားနေသည့် ပညာဘွဲ့(လေးနှစ်သင်တန်း)၏ အထူးပြုဘာသာတွဲများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အခြေခံပညာကဏ္ဍလုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ အထက်တန်းအဆင့်ထိ သင်ကျောင်း ၁၈၄၀ ကျောင်း၊ အလယ်တန်းအဆင့်ထိ သင်ကျောင်း ၃၀၆၇ ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၈၂၉ ကျောင်းနှင့် မူလတန်းအဆင့်သင်ကျောင်း ၃၁၇၅၁ ကျောင်း ရှိသဖြင့် စုစုပေါင်း ၄၀၄၈၇ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းလာကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးအစီအစဉ်အရ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစတင်၍ ပညာသင်နှစ်မစတင်မီ ရက်သတ္တပတ်ကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းနေရွယ်ကလေးများကျောင်းနေနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ရာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ သူငယ်တန်းသို့တက်ရောက်လာသည့် ကျောင်းနေရွယ် ကလေးများ ကျောင်းနေနှုန်းမှာ ၁၉၅ ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်လာခဲ့ကြောင်း၊ ကျောင်းနေရေးစီမံချက် မြို့နယ် ၁၄၄ မြို့နယ်၌ ကျောင်းဝင်နှုန်းမှာ ၉၈၊ ၉၇ ရာခိုင်နှုန်း တက်ရောက်သည်ကိုတွေ့ရကြောင်း။

မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်မှုမှာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် သတ္တမတန်းအထိ သင်ကြားနိုင်သည့် မူလတန်းလွန် ကျောင်း ၅၁၂ ကျောင်း၊ ဆဋ္ဌမတန်းအထိ သင်ကြားနိုင်သော မူလတန်းလွန်ကျောင်း ၁၈၆၈ ကျောင်းနှင့် ပဉ္စမတန်းအထိသင်ကြားနိုင်သော မူလတန်းလွန်ကျောင်း ၁၄၄၉ ကျောင်း စုစုပေါင်းမူလတန်းလွန်ကျောင်း ၃၈၂၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

Multimedia Classrooms ဖွဲ့စည်းမှုမှာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်ကုန်ပိုင်းအထိ Multimedia Classrooms ဖွဲ့စည်းအသုံးပြုကျောင်းမှာ ၁၁၅၂ ကျောင်း၊ 3-Platform တပ်ဆင်အသုံးပြုကျောင်း ၃၅၈ ကျောင်း၊ 2-Platform ၉၈၅ ကျောင်း၊ 1-Platfrom ၁၄၃၁၅ ကျောင်း စုစုပေါင်း Media အသုံးပြုသင်ကြားနေသော ကျောင်းပေါင်း ၁၆၈၁၀ ဖြစ်ကြောင်း၊ ထိုကျောင်းများတွင် နှစ်စဉ် Platform တစ်ခု တိုးမြှင့်သွားနိုင်ရေး စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

တိုးတက်လာခဲ့

ဆက်လက်ပြီး အခြေခံစာတတ်မြောက်ရေး ('အ'သုံးလုံး)နှင့် စဉ်ဆက်ပညာရေးအစီအစဉ်များကိုတင်ပြရာ၌ မြန်မာနိုင်ငံ၌ သက်ကြီး စာတတ်မြောက်မှုနှုန်း မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၀၃ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း။

သို့ဖြစ်၍ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းကို ၉၅ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အခြေခံစာတတ်မြောက်ပြီးသည့် သက်ကြီးများစာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးရေးနှင့် ဘဝသာယာရေးအစီအစဉ်များပါဝင်သည့် စဉ်ဆက်ပညာရေးကို ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၈၁ ခု တည်ထောင်ဆောင်ရွက်လျက် ရှိနေကြောင်း တင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ သိပ္ပံနှစ်ခုကို ဒီဂရီကောလိပ်နှင့် ကောလိပ် အဆင့် တိုးမြှင့်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ ဆေးရုံသုံးပစ္စည်းလှူဒါန်း

ရန်ကုန် မတ် ၁၆

တပ်မတော် အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ စင်ကာပူနိုင်ငံမှ ဆရာတော်ကြီးဦးစန္ဒဝံသက ဆေးရုံသုံးပစ္စည်းများလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဆေးရုံကြီးရှိ အုပ်ချုပ်မှုအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်၊ တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀) တပ်မှူး ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်း၊ မှတ်ပုံတင်အရာရှိနှင့် အရိုးရောဂါအထူးကုပါရဂူများ၊ ဆရာဝန်များ၊ ဆေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စင်ကာပူနိုင်ငံမှ ဆရာတော်ဦးစန္ဒဝံသက လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းမိန့်ကြားပြီး ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်**(အပေါ်ပုံ)**က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မမြတ်လေးပညာရည်ချွန်ဆု ငွေပဒေသာပင်စိုက်ထူပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၁၆

မမြတ်လေး ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ခန်းမဦကျောင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရည်ချွန်ဆုအလှူရှင် ဒေါ်သိန်းဆိုင်(ကလောင်အမည် မမြတ်လေး)မိသားစု၊ ပညာရည်ချွန်ဆုရရှိကြသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒေါ်သိန်းဆိုင်(မမြတ်လေး)မိသားစုဝင် ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦးက မမြတ်လေးပညာရည်ချွန်ဆုပေါ်ပေါက်လာပုံနှင့်ပတ်သက်၍ ရှင်းတင်းတင်ပြသည်။

ထို့နောက် ပညာရည်ချွန်ဆု အလှူရှင်ဒေါ်သိန်းဆိုင်(မမြတ်လေး)က မမြတ်လေး ပညာရည်ချွန်ဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ငွေပဒေသာပင်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒေါ်သိန်းဆိုင်(မမြတ်လေး)က ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထူးချွန်ဆုချီးမြှင့်

ဆက်လက်၍ ပညာရည်ချွန်ဆု အလှူရှင် ဒေါ်သိန်းဆိုင်(မမြတ်လေး)က ရန်ကုန်တက္ကသိုလ် မဟာသိပ္ပံ (ရူပဗေဒ) ထူးချွန်ဆုရ မရဲသူဇာ၊ ရန်ကုန်တက္ကသိုလ် မဟာသုတေသန (ရူပဗေဒ)ထူးချွန်ဆုရမဆွေဆွေအေး၊ ရန်ကုန်တက္ကသိုလ် ဘွဲ့လွန် ဒီပလိုမာ စာကြည့်တိုက်နှင့် သုတပညာ (လက်တွေ့ သင်တန်းဆင်း ထူးချွန်ဆုရ) မောင်လှမြင့်၊ ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်ဒီပလိုမာ စာကြည့်တိုက်နှင့် သုတပညာ (အမှတ်အများဆုံးဆုရ) မောင်နန္ဒကျော်စွာ၊ ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်အသုံးချ စိတ်ပညာဒီပလိုမာ ထူးချွန်ဆုရ မောင်ဇော်လင်းမြတ်၊ ရန်ကုန်တက္ကသိုလ် မဟာသုတေသန (စာကြည့်တိုက်နှင့် သုတပညာ)ထူးချွန်ဆုရမလှိုင်လှိုင်ကြီး၊ ရန်ကုန်တက္ကသိုလ် မဟာဝိဇ္ဇာ (စာကြည့်တိုက်နှင့် သုတပညာ) ထူးချွန်ဆုရ မယုယုတင်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု မဟာဘွဲ့ ထူးချွန်ဆုရ မောင်ဘိုအေး၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်စီမံခန့်ခွဲမှုဒီပလိုမာဘွဲ့ ထူးချွန်ဆုရ မောင်ဝင်းထိုက်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် စီးပွားရေးပညာ ဒီပလိုမာ ထူးချွန်ဆုရ မောင်ကျော်ဒေဝ၊ ရန်ကုန်နည်းပညာတက္ကသိုလ် M.E (Electronic & Communication) ထူးချွန်ဆုရ မောင်နေဝင်းဇော်၊ ရန်ကုန်နည်းပညာတက္ကသိုလ် M.E (Metallurgy) ထူးချွန်ဆုရ မသူဇာနှင်းတို့အား ပညာရည်ချွန်ဆုများကို ချီးမြှင့်သည်။

ယင်းနောက် ဆုရသူများကိုယ်စား ရန်ကုန်တက္ကသိုလ် မဟာဝိဇ္ဇာ (စာကြည့်တိုက်နှင့်သုတပညာ)ထူးချွန်ဆုရ မယုယုတင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီးများ၊ ပညာရည်ချွန်ဆု အလှူရှင် ဒေါ်သိန်းဆိုင်(မမြတ်လေး)တို့သည် ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မမြတ်လေး ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း အခမ်းအနားတွင် ဒေါ်သိန်းဆိုင် (မမြတ်လေး)က ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စုပေါင်း ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မမြတ်လေး ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားတွင် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ဇီဝကနယ်လှည့်ဆေးကုရထား ရန်ကုန်မှညောင်လေးပင်သို့ထွက်ခွာ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများ ကုသပေးမည်

ရန်ကုန် မတ် ၁၆

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဇီဝကနယ်လှည့်ဆေးကုရထား စတင်အသုံးပြုခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်သည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ဇီဝကနယ်လှည့်ဆေးကုရထား စတင်အသုံးပြုခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဇီဝကနယ်လှည့် ဆေးကုရထားပေါ်သို့ တက်ရောက်၍ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ကုသခန်း၊ မျက်စိစမ်းသပ်ခန်း၊ သွားနှင့်ခံတွင်းကုသခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်မှန်ပစ္စည်း သိုလှောင်ခန်း၊ တယ်လီဗေးရှင်း ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် လူနာစမ်း သပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အထူးကုဆရာဝန်ကြီးများလိုက်ပါ

ထို့နောက် ဇီဝကနယ်လှည့်ဆေးကုရထားသည် နံနက် ၈ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးမှ ညောင်လေးပင်မြို့သို့ စတင်ထွက်ခွာသွားရာ အဆိုပါ နယ်လှည့်ဆေးကုရထားနှင့်အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့် ဆေးရုံကြီးများမှ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ဆေးဝါးကုသ

အဆိုပါ ဇီဝကနယ်လှည့်ဆေးကုရထားသည် ညောင်လေးပင်ဘူတာတွင်ရပ်နားပြီး မွန်းလွဲ ၁၂ နာရီခွဲမှ စတင်ပြီး ညောင်လေးပင်မြို့ပေါ်ရှိ ဒေသခံပြည်သူများအား ရထားပေါ်ပါ အထူးကုဆရာဝန်ကြီးများက ရထားပေါ်ရှိ ဆေးကုသခန်းများ၌ လူနာများအား စတင်စမ်းသပ်ဆေးဝါးကုသမှု ဆောင်ရွက်ပေးကြသည်။

ညောင်လေးပင်ဒေသရှိ လူနာများအား ဆေးဝါးကုသမှုကို မတ် ၁၇ရက် ညနေပိုင်းအထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၀)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။



မြန်မာ့ရုပ်မြင်သံကြား

၁၇-၃-၂၀၀၅
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓ္ဓ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၀ ၇။ စလင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV. (Senior Class)
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး (၅၃)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၈:၀၀ ၉။ ကြံခိုင်ကျန်းမာပြည်မြန်မာ
- ၁၈:၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၂၀ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ (၆၀)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် "သိမှတ်ဖွယ်ရာ စစ်ချီ၊ စစ်ရေးတေးသံသာ" (ဗိုလ်ကလေးတင့်အောင်နှင့် ၂/၂၀၀၃ ရုပ်ရှင်သရုပ်ဆောင်သင်တန်းသား/သူများ)
- ၁၉:၃၀ ၁၅။ (၆၀)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၀ ၁၆။ (၅၃)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် "ပြည်သူ့အတွက်တပ်မတော်" -"စွန့်လွှတ်စွန့်စား ပြည်သူ့သားကောင်း တပ်မတော်" -ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက် -လှေခွက်ချည်းကျန်အလံမလှဲ" (ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင်ခင်မောင်ညွန့်)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၁၂)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

(၆၀)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရိုးရိုးလေး၏ ဝတ္ထု/ဇာတ်ညွှန်းကို ယဉ်ယဉ်ရွှေ စီစဉ်ထုတ်လွှင့်လိုက်သည့် 'ဘယ်ပန်းသာလို့ယဉ်' ဇာတ်လမ်းပမာ နားဆင်စရာကို မတ် ၁၈ ရက် (ကြာသပတေးနေ့) ည ၇နာရီ ၁၅မိနစ်နှင့် မတ်၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁၂နာရီခွဲတို့တွင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်မည်ဖြစ်ရာ ဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် လင်းဇာနည်ဇော်နှင့်အတူ မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

မင်္ဂလာရာမပရိယတ္တိစာသင်တိုက် သင်္ကြန်တွင်းတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၁)ရပ်ကွက် မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်တွင် မြောက်ဥက္ကလာ ရွှေဥမင် ဆရာတော်ကြီးအား ဦးထိပ်ထား၍ သင်္ကြန်တွင်း (၁၀)ရက်တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဂုဏာစာရလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီများနှင့် ဒုလ္လဘရဟန်း ဝတ်လိုသူများ ဧပြီ ၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စစ်ရေးပြအခမ်းအနားတွင်ပါဝင်မည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၆

(၆၀)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိကြရာ ဦးအေးသန့် (Prime Boss Co., Ltd.)က ငွေကျပ်ငါးသိန်း၊ ဒေါ်ဥမ္မာသန်း (Big Bear Trading Co.,Ltd.)က ငွေကျပ် ငါးသိန်း၊ ဦးယဉ်ထွေးသက် (Reliance Fire System)က ငွေကျပ်လေးသိန်း၊ ဦးနိုင်ဦး (မြန်မာသီဟကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးတင်မောင် (စန္ဒီပရဆေး)က ငွေကျပ် ၁၀၀၀၉၀၊ ဦးသက်ဦး (ရောမြေကုမ္ပဏီလီမိတက်)က ငွေကျပ်တစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီးတင်မြ(ငြိမ်း) ဝေဘာဂီမြို့သစ်က ငွေကျပ်တစ်သိန်းနှင့် ဦးဌေးဝင်း (မာရီနာဘီစကွတ်လုပ်ငန်း)က ငွေကျပ် ငါးသောင်းနှင့် ငွေကျပ်ငါးသောင်းတန်ဖိုးရှိ သကြားလုံးများအပါအဝင် အလှူရှင် ၆၅ ဦးတို့က အလှူငွေနှင့်ပစ္စည်း စုစုပေါင်းတန်ဖိုး ၃၈ သိန်း ၅ သောင်းကျော် ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၀)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

သူပိုင်သောဂုဏ်

☆ စာသင်ဆဲမှာ
တိုက်ပွဲခေါ်သံ၊ နားဝယ်လျှံ၍
နိုင်ငံအတွက်၊ လိုအပ်ချက်ဟု
ထွက်ခဲ့စစ်မြေ၊ လူငယ်ပေတည့်။

☆ စစ်ဝယ်မွေ့ပျော်၊ ကြာညောင်းသော်လည်း
ကျူးကျော်ရန်သူ၊ သောင်းကျန်းသူတို့
မြူမှုမကျန်၊ သန္နိဋ္ဌာန်ဖြင့်
တဖန်ဆက်၍၊ စစ်မှာမွေ့သည်
နေ့မှုနှစ်ဆွယ်၊ လူလတ်ရွယ်တည့်။

☆ အရွယ်နှစ်မျိုး
ကိုယ်ကျိုးမဖက်၊ ပြည့်ဝန်ရွက်ရင်း
စစ်သက်ရှည်ကြာ၊ တစ်ချိန်ခါသော်
ဒဏ်ရာပြည့်နှက်၊ လက်တစ်ဖက်ဖြင့်
ထွက်ခွင့်ကြည်ဖြူ၊ အနားယူခဲ့။

☆ စစ်ပြန်ဘအို
နုပျိုချိန်ခါ၊ စွန့်လွှတ်ပါ၍
ပညာဂုဏ်လျှင်
သူ့တွင်မရှိ ချို့တဲ့၏။

☆ စစ်ပြန်ဘအို
ပျိုလတ်ချိန်မှာ၊ ကျေပွန်ပါ၍
ဥစ္စာဂုဏ်လျှင်
စုံလင်မရှိ ကင်းမဲ့ဘိ။

☆ သြော်--- စစ်ပြန်ဘအို
ကိုယ်ကျိုးစွန့်လာ၊ တစ်သက်တာမို့
ပညာချို့တဲ့၊ ဥစ္စာမဲ့လည်း
မနဲ့စိတ်ဓာတ်၊ ရေးကြို့လတ်မူ
သေနတ်ဆွဲထွက်၊ ပြည့်ဝန်ရွက်မည့်
အသက်စုပုံ "မျိုးချစ်ဂုဏ်" လျှင်
သူ့တွင်ရှိ၏ ပိုင်ဆိုင်၏။ ။

ကို(တက္ကသိုလ်)

မြန်မာအမျိုးသမီးကဏ္ဍ၌ထက်မြက်သည့်စွမ်းဆောင်ရည်နှင့်အစဉ်အလာကောင်းများအမြဲရှင်သန်ရေး နိုင်ငံတော်ကမြှင့်တင်ပေးနေသည့်စေတနာကို အမျိုးသမီးထုတစ်ရပ်လုံးဂုဏ်ယူစွာထိန်းသိမ်း

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်၍ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် ဒေါ်သန်းသန်းနွဲ့တို့ပါဝင်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဖွဲ့ချုပ်ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆိုင်ရာ ရှင်းလင်းရန်အတွက် မတ်၁၄ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကလေးမြို့သို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဇနီး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ဒေါက်တာဒေါ်ခင်စောမူ၊ ချင်းပြည်နယ် အမျိုးသမီးရေးရာနာယကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ကလေးတပ်နယ် အောင်ဆန်းခန်းမ၌ကျင်းပသော ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ထို့နောက် မွန်းတည့်၁၂နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားကို ကလေးတပ်နယ် အောင်ဆန်းခန်းမ၌ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်အတွင်းရှိ ကလေးမြို့နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်း အင်အား၅၀၀ခန့် တက်ရောက်ကြသည်။

အားကြိုးမာန်တက် ပူးပေါင်း

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့ကြောင်း၊ လူမှုရေး အဖွဲ့အစည်းဖြစ်သည့်အတွက် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုကျယ်ပြန့်ထိရောက်စွာ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း၊ ကောင်းမြတ်သော ရည်ရွယ်ချက် ခုနစ်ရပ်ကို ဦးတည်ချက်ထား၍ ဆောင်ရွက်သောကြောင့် နိုင်ငံတော် တည်ဆောက်ရေးကြိုးပမ်းမှုများအတွက် ပါဝင်အကျိုးပြုနိုင်ရုံမက အမျိုးသမီးကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြီးမားသောရည်ရွယ်ချက်ထားရှိကြောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကို ပိုမိုမြတ်နိုးတန်ဖိုးထားရှိစေရေး၊ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်များ ပြည့်စုံကြွယ်ဝရန်လည်း လိုကြောင်း၊ ယခု ရောက်ရှိနေသောနေရာသည် နယ်စပ်ဒေသဖြစ်သည့်အလျောက် လူကုန်ကူးမှုကိစ္စများ လျော့နည်းပပျောက်ရေးအတွက် ကျေးရွာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းကဲ့သို့ မြန်မာအမျိုးသမီးကဏ္ဍတွင် ထက်မြက်သည့် စွမ်းဆောင်ရည်နှင့် ကောင်းမြတ်သည့် အစဉ်အလာကောင်းများ အမြဲထာဝရ ရှင်သန်ဖွံ့ဖြိုးစေသည့် အရှိန်အဟုန်ကို အနှစ်သာရရှိစွာ ထပ်ဆင့်မြှင့်တင်ပေးသည့် နိုင်ငံတော်၏ စေတနာကို အမျိုးသမီးထုတစ်ရပ်လုံးက ဂုဏ်ယူမြတ်နိုးစွာဖြင့် ထိန်းသိမ်းကြရမည်ဖြစ်ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အဖွဲ့ဝင်များသည် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ပါမောက္ခဒေါက်တာ ဒေါ်ခင်မာထွန်းက ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်လျှောက်ထားပုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး/စီမံရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှု၊ ပြန်ကြား/ဆက်သွယ်ရေး၊ အမျိုးသမီး ငယ်/ရွယ် တိုင်းရင်းသားရေးရာ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာအလှူရှင်များကအလှူငွေများကိုပေးအပ်လှူဒါန်းကြရာ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၆၀ ဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းဆွေးနွေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီတွင် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ကလေးတပ်နယ်ရှိ ဧည့်ရိပ်သာ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသော မရှင်းလင်းသည့် အချက်အလက်များ၊ ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၇-၃-၂၀၀၄
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Book Keeping Proceclures and Cash-Book (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၂၅)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"**(အပိုင်း-၃၉)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

သကြ်န်တွင်း တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာတွင် ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ပဓာန နာယကဆရာတော် ဦးကုမာရ (သာသနာ့ဓဇ ဓမ္မာစရိယ ဝိနယဝိဒူ) က စတုဘုမ္မိကကျင့်စဉ် တရားစခန်းဖွင့်မည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်၍ တရားစခန်းဝင်လိုသူများ ရိပ်သာဥပဋ္ဌာက သာသနာ့အကျိုးတော်ဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်သိန်း ဖုန်း-၅၇၂၈၅၉၊ ဦးစံအုန်း၊ ဦးအေးဖေ၊ ဦးလှဝင်း၊ ဦးဝင်းကြိုင် ဖုန်း-၅၇၁၉၂၉ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ခေတ်သစ်လူ့ဘောင် တို့တည်ထောင်

အမောင် အမိ မိုး သတိ

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်ကျောက်မျက်ရတနာပြပွဲကြည့်ရှုအားပေး ကျောက်စိမ်းအတွဲ ၁၆၀ ကို တန်ဖိုးယူရိုငွေနှစ်သန်းကျော်ဖိုးစတင်ရောင်းချရ

ရန်ကုန် မတ် ၁၆

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ ၃နာရီ၄၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြည့်ရှုအားပေးရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက်ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမမြေညီထပ်ရှိ ပုဂ္ဂလိက ကျောက်မျက်ရတနာအရောင်းဆိုင် များအားလှည့်လည်ကြည့်ရှုပြီး ပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် စတင်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ဆက်လက်ရောင်းချမည်

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၉နာရီတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် စတင်ရောင်းချရာ ညနေ၅နာရီအထိ ကျောက်စိမ်းအတွဲ ၁၆၀ ကို တန်ဖိုး ယူရိုငွေ ၂၀၅၉၉၈၇ ဖြင့် ရောင်းချနိုင်ခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှရတနာကုန်သည် ၆၀၁ဦးနှင့် ပြည်တွင်းမှ ရတနာကုန်သည် ၄၆၁ ဦး စုစုပေါင်း ရတနာကုန်သည် ၁၀၆၂ ဦးတို့ လာရောက်၍ အပြိုင်အဆိုင်ဝယ်ယူကြသည်။ ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

မတ်၁၇ရက်နှင့် ၁၈ရက်တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

Myanmar CP Co., Ltd.

Myanmar CP, Inter Club
Tennis Tournament

၂၇-၃-၂၀၀၅မှ ၂-၄-၂၀၀၅ထိ သိမ်ဖြူတင်းနစ်ကွင်း

Myanmar CP Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ Myanmar CP Co.,Ltd. ၏ ပံ့ပိုး ကူညီမှုဖြင့် ကျင်းပမည့် Myanmar CP Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲကို မတ် ၂၇ ရက်မှ ဧပြီ ၂ ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာပါဝင်ရန်၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင်တစ်ဦးသာပါဝင်ခွင့်ရှိသည်။ အသက် (၅၀)အထက် အမျိုးသားလက်ရွေးစင်ဟောင်းများနှင့် ပြည်နယ်နှင့်တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိကြောင်းနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတို့ဖြစ်သည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၂၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း ၃၇၂၃၆၀၊၃၈၁၉၉၁၊ Fax No. ၃၈၁၉၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) ရန်ကုန်–နယူးဒေလီ–ရန်ကုန်ခရီးစဉ်သစ်ဖွင့်လှစ်

ရန်ကုန် မတ် ၁၆

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)၏ ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံနယူးဒေလီမြို့သို့ တိုက်ရိုက်ပျံသန်းပြေးဆွဲမည့် လေကြောင်းခရီးစဉ်သစ်(ရန်ကုန်–နယူးဒေလီ–ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ရက် ည ၉နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေဆိပ်စားသောက်ဆိုင်ခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်၍ လေကြောင်းခရီးစဉ်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အိန္ဒိယသမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံသံရုံးမှ တာဝန်ရှိသူနှင့် ခရီးသွားလုပ်ငန်းများနှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပျံသန်းနေသည့် ခရီးစဉ်များနှင့် တိုးချဲ့ပျံသန်းမည့် (ရန်ကုန်–နယူးဒေလီ–ရန်ကုန်) ခရီးစဉ်နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်တွင် ရပ်နားထားသည့် ရန်ကုန်–နယူးဒေလီ–ရန်ကုန် ခရီးစဉ် ပျံသန်းမည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း လေယာဉ်သို့ သွားရောက်ပြီး ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက လေကြောင်းခရီးစဉ်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လေယာဉ်ကို ပရိတ်ရေစင်နှင့် အမွှေးနံ့သာရည်များဖြင့် သွန်းဖျန်းပေးသည်။

ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လေယာဉ်ပေါ်သို့ တက်ရောက်၍ ရန်ကုန်–နယူးဒေလီ ခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ လေကြောင်းခရီးစဉ် အမှတ် 8M 601 သည် ရန်ကုန်မှ နယူးဒေလီမြို့သို့ ခရီးသည် ၇၀တို့အား

သယ်ဆောင်၍ ည ၉ နာရီ ၃၅ မိနစ် တွင် စတင်ပျံသန်း ထွက်ခွာသွားသည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၏ ရန်ကုန်–နယူးဒေလီ–ရန်ကုန် ခရီးစဉ်သစ်မှာ အပတ်စဉ် တနင်္လာ၊ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ရန်ကုန်မြို့မှ ည ၉ နာရီ ၃၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး နယူးဒေလီမှ ရန်ကုန်မြို့သို့ အပတ်စဉ် အင်္ဂါ၊ကြာသပတေးနှင့်စနေနေ့များတွင် နံနက် ၁ နာရီ မိနစ်၅၀ တွင် ပြန်လည် ထွက်ခွာမည်ဖြစ်သည်။

ရန်ကုန်–နယူးဒေလီ–ရန်ကုန် ခရီးစဉ်သည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ၂၀၀၄ ခုနှစ် အတွင်း ထပ်မံတိုးချဲ့သောခရီးစဉ်ဖြစ်ပြီး မကြာသေးမီက ရန်ကုန်–ဟောင်ကောင် ခရီးစဉ်ကို တိုးချဲ့ပြေးဆွဲခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၇၂) နှစ်မြောက်မင်္ဂလာဆုတောင်း

အမှာ - ဖေဖေ မေမေ

၁၉၇၈ ခုနှစ် ရန်ကုန်စီးပွားနှင့်သိပ္ပံတက္ကသိုလ်၊ ဘူမိဗေဒကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

နေ့ရက် - ၂၈. ၃. ၂၀၀၅ (တနင်္ဂနွေနေ့)
အချိန် - ညနေ (၆း၃၀)နာရီ
နေရာ - M3 Food Centre

သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဝါဥူးပရိယတ္တိ စာသင်တိုက်တွင် 'မဟာသတိပဋ္ဌာနသုတ်'လာ နည်းကောင်း လမ်းမှန် အကျင့်မှန်ကို ဝါဥူးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဓမ္မာစရိယ (L.L.B)၊မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုနန္ဒ၊ ဆရာတော် ဘဒ္ဒန္တဉာဏုတ္တနှင့်ဓမ္မကထိက ဆရာတော်များက ဟောကြားပြသ၍ သင်္ကြန်အထူးအလုပ်ပေး ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ ရက်(တနင်္ဂနွေနေ့)မှဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ အချိန်မီစာရင်းပေးသွင်းနိုင်ကြောင်းနှင့်အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အအေးနှင့်ဆေး၊ ကြိုက်နှစ်သက်ရာကို ကျောင်းတိုက်အကျိုးဆောင်ဂေါပကအဖွဲ့ ဖုန်း–၇၂၂၈၈၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ချစ်သမီးကြီး 'ဇာ'

ဖေဖေ၊ မေမေ၊ မောင်လေး၊ ညီမလေးနှင့် ဆွေမျိုးအားလုံး စိတ်ပူနေကြပါသည်။

သမီးမှာ အပြစ်မရှိပါ။

အိမ်ကို အမြန်ဆုံး အဆက်အသွယ် လုပ်ပေးပါ။

ချစ်တဲ့ ဖေဖေ မေမေ။

အများသိသာရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ မြို့တော်နေပြည်သူများမှ မြေငှားဂရန်ထုတ်ပေးရန်လျှောက်ထားခြင်း၊ မြေအမည်ပြောင်းခွင့်လျှောက်ထားခြင်း၊ မြေပုံ မြေရာဇဝင်ကူးယူခွင့် လျှောက်ထားခြင်း စသည့် မြေစီမံခန့်ခွဲမှုလုပ်ငန်းကိစ္စအဝဝကို အဆင်ပြေချောမွေ့စေရန်အတွက် ဤဌာနအနေဖြင့် အထူးအလေးထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယင်းသို့ ဆောင်ရွက်ရာတွင် အထက်ဖော်ပြပါ မြေစီမံခန့်ခွဲမှုလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ အမှုတွဲဖွင့်လှစ်ပေးခြင်းအား နံနက် ၁၀း၃၀နာရီတွင်တစ်ကြိမ်၊ နေ့လယ် ၁၄း၀၀ နာရီတွင် တစ်ကြိမ် ဌာနမှူးရုံးခန်း၌ ဌာနမှူးကိုယ်တိုင်ဦးစီး၍ သက်ဆိုင်ရာ ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မြေစီမံခန့်ခွဲမှုလုပ်ငန်းများကို ၂၂–၃–၂၀၀၅ ရက်မှစ၍ စနစ်သစ်ဖြင့် စတင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ဧအိုနာ၊ အပုအကျိတ်

(အကြောအဆိုး)၊ ပန်းသေ၊ ပန်းညှိုး (အထူးကု)

အမြန်ဆုံးကုသပေးသည်။

Home Distribution Group

Ready Made Floor

Decorative Wall Covering

(Wall paper)

(Office & Show Room)

F 2-6 Fax:



နတ်မောက်မြို့နယ် ဖျောက်ဆိပ်ပင် စာသင်တိုက်သို့ စက်ရေတွင်းနှင့် ဆွမ်းဆန် တင်း ၅၀၀ ကျော် လှူဒါန်း

နတ်မောက် မတ် ၁၂

မကွေးတိုင်း နတ်မောက်မြို့နယ် လက်ပံတုန်းကျေးရွာရှိ ဖျောက်ဆိပ်ပင် ပရိယတ္တိစာသင်တိုက်သို့ ရန်ကုန်မြို့နေ ဦးခိုင်ထွေး–ဒေါ်သင်းသင်းခိုင်မိသားစုနှင့် အခြားအလှူရှင်များက စက်ရေတွင်းနှင့် ဆွမ်းဆန် တင်း ၅၀၀ကျော် လှူဒါန်းပွဲ အခမ်းအနားကို မတ် ၅ ရက်က အဆိုပါစာသင်တိုက်တွင်ကျင်းပရာ မကွေးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းနှင့်ဇနီး၊ မြို့နယ်ဥက္ကဋ္ဌ၏ဇနီး၊ အတွင်းရေးမှူးနှင့် အလှူရှင်များ တက်ရောက်ကြသည်။ (ဝဲပုံ)

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြပြီး တိုက်အုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝထံမှ ငါးပါးသီလခံယူကြပြီးနောက် ခရိုင်ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက်အလှူရှင်များဖြစ်ကြသည့် ဦးခိုင်ထွေး–ဒေါ်သင်းသင်းခိုင် (Asia Brave Trading Ltd.)က စက်ရေတွင်းအတွက် ကျပ် ၄၀၀၀၀၀ နှင့်ဆန်တင်း၁၀၀၊ ဦးတက်နေလင်းထွေး–ဒေါ်စန္ဒာလှိုင် (MC ˚Electronic Center)က ဆန်တင်း၁၀၀၊ ဦးအောင်မိုးကျော်–ဒေါ်မာမာထွန်း (MGS Beverages Co.,Ltd.)မှ ဆန်တင်း ၁၀၀၊ ဦးအေးသောင်းအားရည်စု၍ ဇနီးဒေါ်စောရှင်က ဆန် ၈၈ တင်း၊ ဦးငွေအောင်–ဒေါ်မေစီသန်းဖေ မိသားစုက ဆန် ၇၅ တင်း၊ ဦးစိုး–ဒေါ်တင်လှက ဆန် ၃၇ဒသမ၅တင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆန်၁၅တင်း၊ ဦးတက်လင်း–ဒေါ်ခင်ဆွေလင်းက ရေကန်အတွက် ကျပ်၄၃၀၂၅၀၊ ဦးကျော်လွင်–ဒေါ်စန်းစန်းအေး မိသားစုက ကျပ် ၁၅၀၀၀၀၊ ဦးသောင်းရွှေ–ဒေါ်ဖွားသန့် (လစ်ဘရယ်)က ကျပ် ၂၀၀၀၀၀၊ ဦးမောင်လေး–ဒေါ်မူဇာရီက ကျပ် ၅၀၀၀၀၊ ဒေါ်တင်တင်အေးမိသားစုက ယာမြေ သုံးဧက၊ ဦးရဲလွင် (ရွှေဂဲဘီစကစ်)က ကျပ် ၂၀၀၀၀ တန်ဖိုးရှိ မုန့်မျိုးစုံတို့ကိုပေးအပ်လှူဒါန်းရာ မကွေးခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာတို့ကို ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအစုစုတို့ကို ရေစက်ချပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်းသိရသည်။ **(က–ပ)**

သန်လျင် ဖားအောက်တောရရိပ်သာ သင်္ကြန်တရားစခန်းဖွင့်မည်

သန်လျင် မတ် ၁၃

သန်လျင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ(ဖားအောက်တောရရိပ်သာခွဲ)တွင် ဧပြီ ၁၀ ရက်မှ ၁၈ ရက်ထိ သင်္ကြန်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ ဗုဒ္ဓနည်းကျ တရားရှုနည်းကို ညွှန်ပြမည့်အပြင် ရိပ်သာခွဲဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာမင်းတင်မွန်က အဘိဓမ္မာတရားနှင့် ဒါနအကြောင်း ဟောပြောမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူ ယောဂီများအနေဖြင့် ဧပြီ ၉ ရက်အရောက် ဝင်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

သိက္ခာထပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အင်ပင်ရွာ နိကြောဓာရုံကျောင်းတိုက်တွင်ကျင်းပ

တပ်ကုန်း မတ် ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မသုခတိုက် အောင်သိဒ္ဓိတိုက်ကျောင်း အရှင်စန္ဒာဓောတိ (ပါဠိပါရဂူ ပိဋကတ်တစ်ပုံဆောင်) အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်၏သိက္ခာထပ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က တပ်ကုန်းမြို့နယ် အင်ပင်ရွာ အင်ပင်တောင်ကျောင်း (နိကြောဓာရုံကျောင်းတိုက်) တွင် ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် သိက္ခာထပ်ဆရာတော်ကြီး ၁၀ ပါး၊ ဓမ္မကထိကဆရာတော် သံဃာတော်အပါး ၈၀ ၊ သာမဏေ ၆၂ ပါး၊ သီလရှင်ဆရာကြီး ၁၀ ပါးနှင့် ဘိုးဘွား ၁၁၇ ဦးတို့ကို တပ်ကုန်းမြို့နယ် (အင်ပင်ရွာဇာတိ) အရှင်စန္ဒာဓောတိ (ပါဠိပါရဂူပိဋကတ်တစ်ပုံဆောင်) အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်က တန်ဘိုးကျပ် ၁၅ သိန်းကျော်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းပူဇော်ကြသည်။ **(၂၆၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

မတ်၆ရက်က ပေါင်မြို့နယ်မုတ္တမ သူဌေးကုန်းရပ်ကွက် အမကသို့ ကျပ် ခုနစ်သိန်းကျော်တန် ကျောင်းသုံး ပရိဘောဂများ ပေးအပ်လှူဒါန်းပွဲကိုသူဌေးကုန်း အမကတွင်ကျင်းပရာ ရန်ကုန်မြို့နေအလှူရှင် ဦးမောင်မောင် နှင့် ဦးကိုကိုကြီးတို့ကိုယ်စားညီဖြစ်သူ ဦးသိန်းဝင်းက ပေးအပ်လှူဒါန်းရာ ပရိဘောဂနှင့်သက်ဆိုင်သော ပစ္စည်းစာရင်းများကို ကျောင်းအုပ်ဆရာမကြီးက လက်ခံယူစဉ်။ (၂၆၀)

ဖေဖော်ဝါရီ ၇ ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်သော ကျောက်ပြုတ်ကျေးရွာ စက်ရေတွင်းကို မြင်းခြံခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်နှင့် မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၄၀၂)

ဇီးဟောဆည်ဘောင် ကတ္တရာလမ်းသစ်ဖွင့်

ကျောက်ဆည် မတ် ၇

ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက် အုပ်စု အောက်ချိုင်းရပ်ကွက်တွင် ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောက်လုပ်သည့် ဇီးဟောဆည်ဘောင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးလွင်က လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းသည် အရှည် ၁၀၂၅ ပေရှိပြီး ကျပ် ၅၈၂၀၀၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ **(က–ပ)**

မတ် ၉ရက်ကပုသိမ်မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(၂)နယ်မြေ ကုန်သည်လမ်းရှိလမ်းဘေးဝဲယာ အမှိုက်များနှင့်ရေမြောင်းများတူးဖော်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အင်းတော်မြို့ အောင်ကုန်းကျေးရွာ၌ မူလတန်းလွန်ကျောင်းဖွင့်

အင်းတော် မတ် ၈

အင်းတော်မြို့နယ် နန့်သာကျေးရွာအုပ်စု အောင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ပွဲနှင့် မူလတန်းလွန်ကျောင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်အေးတို့က အမှာစကား ပြောကြားကြပြီး အောင်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်းအုပ်ဆရာကြီး ဦးကျော်အုန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက်တာဝန်ရှိသူများက အောင်ကုန်းကျေးရွာမူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာဆရာမများအားအမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ထူးချွန်ကျောင်းသားကျောင်းသူများအား အလှူရှင်များက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။ **(၁၃၃)**

ပဲခူးရွှေမော်ဓော–ဆူးလေမော်တော်ယာဉ်လိုင်းတိုးချဲ့ပြေးဆွဲ

ပဲခူး မတ် ၆

ပဲခူးမြို့မှ ရန်ကုန်မြို့သို့ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် ရွှေမော်ဓော–ဆူးလေ မော်တော်ကားလိုင်း (ဖြူ–အမြန်ယာဉ်)ကို မှန်လုံ လေအိပ်ကားကြီးများဖြင့် ယမန်နှစ်ကပင် စတင်ပြေးဆွဲခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။

ယခုအခါ ခရီးသွား များပြားလာသဖြင့် ဇန်နဝါရီ ၁ ရက်မှစတင်၍ မော်တော်ယာဉ်စီးရေကို တိုးချဲ့ပြေးဆွဲခဲ့သည်။ တိုးချဲ့ခရီးစဉ်မှာ ပဲခူးမြို့မှ နံနက် ၆ နာရီခွဲမှ စတင်၍ တစ်နာရီ တစ်စီးထွက်ပြီး နေ့စဉ် ခုနစ်စီး ပြေးဆွဲလျက်ရှိသည်။

ရန်ကုန်မြို့မှ ပဲခူးမြို့သို့ နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိ တစ်နာရီ တစ်စီး ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။ ယာဉ်စီးခနှုန်းထားမှာ ကျပ် ၃၀၀ ဖြစ်ပြီး သခင်မြပန်းခြံအနီး မော်တော်ယာဉ်ဝင်းမှစီးနင်းနိုင်ကြကြောင်း သိရသည်။ **(၁၇၃)**

မတ် ၅ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အောင်ဟိတ်ဆိတ်သာလမ်းအား စက်ယန္တရားများဖြင့် မြေသားဖို့ခြင်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁၈–၃–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း၊

- ၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း၊

- ၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (ရွှေတောင်လက်ဖက်ခြောက်လုပ်ငန်း)
- ၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ရောင်ပြန်ယကြာ (လာဘ်မိုးစွေစာပေတိုက်) (၂)ပုဂံခေတ်မှသည် မြန်မာအာဇာနည်သူရဲကောင်းများ (ရဲဘော်ကျော်ဆန်း)
- ၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (မအိုမနာသက်တမ်းရှည်ဖို့ အယူအဆများ–ဒုတိယပိုင်း) (မောင်ဆုရှင်)
- ၁၂:၃၀ အစာနှင့် အာဟာရ (ငါးပါးနီ)

ညနေပိုင်း၊

- ၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၁၅ သုတရေးရာဖြေကြားလွှာ
- ၁၈:၄၀ ရုပ်ရှင်သီချင်း
- ၁၉:၁၅ တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်းပမာနားဆင်စရာ (ဘယ်ပန်းသာလို့ယဉ်)
- ၂၀:၃၀ (၅၉)နှစ်မြောက် တပ်မတော်နေ့ တေးသီချင်းပြိုင်ပွဲဆုရသူများနှင့် ဆွေးနွေးခန်း(စစ်ရေး ၁+၂)

နွေရာသီအခြေခံယဉ်ကျေးမှု သင်တန်းဖွင့်

ရန်ကုန် မတ် ၁၆

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆုထူးပန်ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိတ ဦးဆောင် ပဓာနပြု၍ သင်တန်းမှူးဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တကဝိန္ဒ၊ သာသနဓဇ ဓမ္မာစရိယ ဉာဏောဝိဘင်္ဂဓရဝိနယဝိဒူ မဟာစည်နယ်လှည့်ဓမ္မကထိက အစိုးရ ကမ္မဋ္ဌာနာစရိယနှင့် ဘဒ္ဒန္တလာဘ သာသနဓဇ ဓမ္မာစရိယ(B.A)၊ ဘဒ္ဒန္တ မေဓာဝီ သာသနဓဇ ဓမ္မာစရိယတို့က တာမွေမြို့နယ် အမှတ် ၁၅ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ပရိယတ္တိစာသင်ကျောင်းတိုက် အတုလကာရီသိမ်ကျောင်း အပေါ်ထပ်တွင်လည်းကောင်း၊ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဗြဟ္မဝိဟာရကျောင်း ဓမ္မာရုံတွင်လည်းကောင်း၊ နွေရာသီ အခြေခံ ယဉ်ကျေးမှု သင်တန်းကို မတ် ၁၄ ရက်က ဖွင့်လှစ်သင်ကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးထွန်းလှအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အကြံပေးပုဂ္ဂိုလ်ဒေါ်ခင်လှလှနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ တက်ရောက်ကြသည်။ **(က-ပ)**

မတ် ၁၄ရက်က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ခရမ်း-သေနပ်ပင်လမ်းတစ်လျှောက် ရေသွင်းမြောင်း တူးဖော်ခြင်း လုပ်ငန်းများနှင့် လမ်းပခုံးသားတိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(ရန်ကုန်တိုင်း)

မွန်ပြည်နယ်အတွင်းဆည်၊ တမံနှင့်ရေထိန်းတံခါး တည်ဆောက်မှုလုပ်ငန်း ဝန်ကြီးဗိုလ်ချုပ်ညွန့်တင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်သည် မတ် ၁၂ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစက္ကူစက်ရုံအနီး၌ တနော့ချောင်းကို မြေသားတမံပိတ်၍ ရေရရှိရေးဆောင်ရွက်ပေးနိုင်မည့် တနော့ရေလှောင်တမံ တည်ဆောက်မည့်နေရာရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် သထုံမြို့နယ် ကျောက်တောင်ရွာအနီး၌ ကျောက်စရစ်ချောင်းပေါ်တွင် တည်ဆောက်မည့် ကျောက်စရစ်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် ညွှန်ကြားရေးမှူးများကလယ်မြေဧရိယာဂါးသောင်းခန့် ရေပေးဝေနိုင်မှု၊ ရေလွှမ်းဧရိယာဧကနှစ်သောင်းခန့် ရေဘေးအန္တရာယ်မှ ကာကွယ်၍ သီးနှံစိုက်ပျိုးမြေအကျိုးပြုမှုတို့ကို လည်းကောင်း၊ လျှပ်စစ်စွမ်းအားထုတ်ယူရရှိနိုင်မည့် အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် မိချောင်းအိုင်ကျေးရွာအနီးတွင် ကျောက်စရစ်ရေလွှဲဆည်တည်ဆောက်ရန် စူးစမ်းလေ့လာထားသော ရွေးချယ်နေရာနှင့် ကျောက်စရစ်ချောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်သည်မတ်၁၃ ရက်တွင် ပေါင်မြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က ဆောက်လုပ်လျက်ရှိသည့် ကတိုက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ဆောင်ရွက်ဆဲပင်မတမံလုပ်ငန်း၊ ရေထိန်းမျှော်စင်လုပ်ငန်း၊ ရေထုတ်ပြွန်လုပ်ငန်းနှင့် ရေပိုလွှဲလုပ်ငန်းတို့ကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်စန်ဝင်းက ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဝန်ကြီးက မိုးမကျမီ ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် တည်ဆောက်နေသည့် လုပ်ငန်းများဖြစ်သော ရေပိုလွှဲ တည်ဆောက်မှုမှ ကွန်ကရစ်လောင်းနေသည့် လုပ်ငန်း၊ ရေထုတ်ပြွန်နှင့် ရေပေးတူးမြောင်းလုပ်ငန်း၊ ပင်မတမံ အမြင့်ပိုင်း ရရှိအောင်မြေဖို့၊ မြေသိပ်၊ မြေကြိတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သထုံမြို့နယ်ရှိ ကျုံထော် ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး ကွန်ကရစ်ရေထိန်းတံခါး တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

မတ်၁၄ရက်က အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း မြင်းခြံမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဆေးဆိုးပန်းရိုက်စက်ရုံ ရက်ကန်းစက်ရုံသစ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

သဲအင်းဂူအခိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

ရန်ကင်းမြို့နယ် မိုးကောင်း ဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီးတွင် ကျေးဇူးရှင် မူလ သဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့် အညီ သမထ ဝိပဿနာ တရားတော်များကို ဩဝါဒါနှင့် ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ သီဟနှင့် ဦးပညာသိဒ္ဓိ (ပုသိမ်) အရှင်သူမြတ်နှစ်ပါးတို့က မတ် ၂၁ ရက်မှ ၂၈ ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန် တရားချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာအဓိဋ္ဌာန် ဝင်လိုသော ယောဂီများသည် မတ် ၂၀ ရက် (စနေနေ့) ညနေ ၅နာရီ အရောက် မှတ်ပုံတင်ကတ်ပြားများနှင့်တကွ လာရောက်ကြရန်နှင့် အရက်ဆွမ်း၊ နေ့ဆွမ်းများလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စစ်ကိုင်းတိုင်း မြောင်မြို့ အမက(၄)တွင်၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည် ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် ပထမဆုရ မထက်မြတ်နိုးဦးအား ကျောင်းအုပ်ဆရာကြီး ဦးမြရှိန်က ဆုချီးမြှင့်စဉ်။ (၃၆၇)

တရားသူကြီးချုပ် ဦးအောင်တိုး မန္တလေး၌အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် မတ် ၁၆

တရားသူကြီးချုပ် ဦးအောင်တိုးသည် တရားရုံးချုပ်(ရန်ကုန်)မှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၂ရက် မွန်းလွဲပိုင်းက တရားရုံးချုပ်(မန္တလေး) ရုံးခန်းအမှတ်(၁)၌ သဘာပတိအဖြစ် တရားသူကြီးချုပ် ဦးအောင်တိုး၊ အဖွဲ့ဝင်များအဖြစ် တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီး ဦးစိန်လှိုင်နှင့် ဦးသက်ထွန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ-၇ အရ တင်သွင်းသော ပြစ်မှုအထူးအယူခံမှုရှစ်မှုကို ကြားနာ၍ တရားမအထူးအယူခံမှုသုံးမှုနှင့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုလေးမှုကို အမိန့်ချမှတ်သည်။

တရားသူကြီးချုပ်သည် မတ် ၁၃ရက် နံနက် ၁၀နာရီက တရားရုံးချုပ် ရုံးခန်းအမှတ်(၁)၌ ကျင်းပသော တရားရုံးချုပ်(မန္တလေး)၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်း/ခရိုင်အတွင်းရှိ တရားရေးအရာရှိများအား တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ အမှာစကား ပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

သရက်မြို့ ရွှေဘုံသာရပ်ကွက် သဟာယစာကြည့်တိုက်ရှေ့ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌဦးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၄၅)

မြန်မာ့သစ်ခွများ စိုက်ပျိုးထိန်းသိမ်းရေး ဟောပြောမည်

ရန်ကုန် မတ် ၁၆

သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းက ကြီးမှူးကျင်းပပြီး သစ်ခွပညာရှင်ဦးစောလွင်က မြန်မာ့သစ်ခွများ စိုက်ပျိုးထိန်းသိမ်းရေး ဟောပြောပွဲကို မတ် ၁၉ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အစည်းအဝေးခန်းမ အခန်းအမှတ် ၄၀၁ စတုတ္ထထပ် MWEA Tower ၂၈၈/၂၉၀ ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် လေ့လာနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရောင်းမည်

စည်ပတ်သံပြား (၁ လက်မ နှင့် ၁၃/၄ လက်မ) ဝယ်ယူလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ပါရန်။

ဖုန်း-၂၅၁၅၂၀၊ ၇၀၄၇၇၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅

နည်းဥပဒေ ၁ နှင့် ၅

ရန်ကုန်တိုင်းတရားရုံး၊ နယ်တရားမရုံး၌

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၇၂

အာရှမနေဘဏ်လီမိတက် နှင့် မစ္စတာဟူးကွီးဇင်း
(ရွှေတောင်တန်းဘဏ်ခွဲ)
(၎င်းကိုယ်စား ရုံးချုပ်ချေးငွေဌာန
မန်နေဂျာ ဦးထွေးကြိုင်)

တရားလို **တရားခံ**

လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းနှင့် ကမ်းနားလမ်းထောင့် ဒုတိယထပ် အမှတ် ၆၆၆ ရပ်နေ မစ္စတာဟူးကွီးဇင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက် (၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ ရက်) နံနက် ၉ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမင်း
တွဲဖက်တိုင်းတရားသူကြီး(၁၄)
ရန်ကုန်တိုင်းတရားရုံး။

ကန့်ထရိုက်တာ ဦးဇော်ဝင်း
၁၂/မဂတ(နိုင်)၀၃၅၀၄၂
Asia Win ဆောက်လုပ်ရေး လိုင်စင်အမှတ်(၁၉၅)နှင့်
အများသိစေရန်

ရန်ကုန်တိုင်း လသာမြို့နယ် ၁၉ လမ်း၊ အမှတ် ၁၂၁ နေ ဒေါ်လှညွှန့်နှင့် ဗိုလ်ရွဲလမ်း အမှတ် ၅၃ နေ ဒေါ်ကျင်ဆွေတို့က တစ်ဖက်ကန့်ထရိုက်တာ ဦးဇော်ဝင်းက တစ်ဖက်ချုပ်ဆိုခဲ့ကြသော ၃၁-၈-၂၀၀၁ရက်စွဲပါ စာချုပ်အရ ဒေါ်လှညွှန့်နှင့် ဒေါ်ကျင်ဆွေတို့ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၉လမ်း၊ အမှတ် ၉၃/၉၅ ဟု ခေါ်တွင်သော အဆောက်အအုံဟောင်းကို ဦးဇော်ဝင်းက မိမိစရိတ်ဖြင့်ဖျက်သိမ်း၍ လေးခန်းတွဲ ခုနစ်ထပ်တိုက်သစ်တစ်လုံးကို ဆောက်လုပ်ရန်ချုပ်ဆိုခဲ့ကြပြီး ဒေါ်လှညွှန့်နှင့် ဒေါ်ကျင်ဆွေတို့က ဦးဇော်ဝင်းအား အထူးကိုယ်စားလှယ်လွှဲစာ ပြုလုပ်ပေးခဲ့သော်လည်း ယခုနှစ်နှစ်ခွဲခန့်ကြာသည့်တိုင် ဦးဇော်ဝင်းက မူလတိုက်ဟောင်းကိုဖျက်သိမ်းပြီး တိုက်သစ်ဆောက်လုပ်ရန်အကြောင်းမဲ့ပျက်ကွက်လျက်ရှိပါသည်။ ကတိစာချုပ်အတိုင်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်ဒေါ်လှညွှန့်နှင့်ဒေါ်ကျင်ဆွေ တို့က ဦးဇော်ဝင်းအား ညှိနှိုင်းဆောင်ရွက်ရန် သက်ဆိုင်ရာ(ရ-ယ-က)မှတစ်ဆင့် ခေါ်ယူခဲ့သော်လည်း ဦးဇော်ဝင်းအနေနှင့်လာရောက်ခဲ့ခြင်းမရှိပါ။ ဒေါ်လှညွှန့်နှင့် ဒေါ်ကျင်ဆွေတို့၏ ရှေ့နေမှတစ်ဆင့် ၂၃-၂-၂၀၀၄ရက်တွင် တစ်ကြိမ်၊ ၈-၃-၂၀၀၄ရက်တွင် တစ်ကြိမ်၊ စာတိုက်မှ အကြောင်းကြားစာပို့ခဲ့သော်လည်း ဦးဇော်ဝင်းက အကြောင်းကြားစာကိုလက်မခံဘဲ အကြိမ်ကြိမ်ငြင်းပယ်ခဲ့ပါသည်။

သို့ပါ၍ ဦးဇော်ဝင်းနှင့် ဒေါ်လှညွှန့်၊ ဒေါ်ကျင်ဆွေတို့ မူလချုပ်ဆိုထားသော ၃-၈-၂၀၀၁ ရက်စွဲပါ သဘောတူစာချုပ်ကို ဖျက်သိမ်းကြောင်းနှင့် ဦးဇော်ဝင်းအား လွှဲအပ်ထားသော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ မှတ်ပုံတင်အမှတ် ၄၁၅၇/၂၀၀၁ အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ထွန်း
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၆၊ မဟာဗန္ဓုလပန်းခြံလမ်း
ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)31/MR(MC)	(1)Coil Spring Chart No. 89	3000-Sets
	2003-2004	(2)Coil Spring Chart No. 90	3000-Nos
		(3)Coil Spring Chart No.106	3000-Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်- ၃၀-၄-၂၀၀၄ (သောကြာနေ့) ၁၂:၀၀ နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်-၃၀-၄-၂၀၀၄(သောကြာနေ့)၁၄:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၅-၃-၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့.
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၊ ၆၀၅၊ ၆၁၂



တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး လေးပါးအား ချီးကျူးပူဇော်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၁၄ ရက်က သာသနာ့ဗေယျာမင်္ဂလာကျောင်း၌ကျင်းပရာ ဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တကုမုဒ(မြို့ဦးပရိယတ္တိစာသင်တိုက်) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတထံ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (၁၁၅)

မြန်မာ့လေကြောင်းသို့ အထောက်အကူပြု စက်ပစ္စည်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းသို့ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းမှ မြေပြင်အထောက်အကူပြု စက်ပစ္စည်းများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ်၁၄ရက်နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းဆိုက်ရောက်ခန်းမရှေ့၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများ၊ အပြည်ပြည်ဆိုင် ရာမြန်မာ့လေကြောင်းဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လှိုင်မိုးသို့ မြေပြင်အထောက်အကူပြု စက်ပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေး အပ်သည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လွှဲပြောင်းပေးအပ်သော စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ လွှဲပြောင်းပေးအပ်သည့် မြေပြင်သုံး အထောက်အကူပြုစက်ပစ္စည်းများမှာ အမျိုးအစား ရှစ်မျိုး၊ အရေအတွက် ၁၇ခု ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပခရီးသည် ထွက်ခွာဆောင်နှင့် တစ်ထောက်နားခရီးသည်နားနေဆောင်များအတွင်း ကြည့်ရှုစစ်ဆေးပြီး အစဉ်သန့်ရှင်း သပ်ရပ်ရေးဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လေယာဉ်ပြေးလမ်းဘေး လေဆိပ် သာယာလှပရေးအတွက် စိုက်ပျိုးထားရှိသော ပန်းအလှပင်များစိုက်ပျိုး ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီသာသနာ့ရိပ်သာ ရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း သဃၤန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည် မြဝတီသာသနာ့ရိပ်သာ၌ (၁၃)ကြိမ်မြောက် ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် ယဉ်ကျေးမှုတစ်လသင်တန်း အလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၆၅ ခုနှစ် တပေါင်းလကွယ် (မတ် ၂၀ရက် နှင့် ၂၁ရက်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ သာမဏေ၊ ရဟန်း၊ သီလရှင်ဝတ်လိုသူများနှင့် အလှူတော်ပွဲကာလတွင် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ညနေဖျော်ရည်တို့ လှူဒါန်းလိုပါက မြဝတီ သာသနာ့ ရိပ်သာဖုန်း-၅၇၂၆၆၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သန်လျင်သိမ်ကျောင်း မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

သန်လျင်မြို့ သိမ်ကျောင်းပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ သင်္ကြန်တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်ထိ ဖွင့်လှစ်မည်ဖြစ်ရာ သိမ်ကျောင်းဆရာတော်အား အမှူးထား၍ ငဖဲမြို့မိုးကုတ်အဖွဲ့ခွဲ(၁၀၈)မှ ပဓာန နာယက ဆရာတော် ဦးဝိမလ(မူလဓမ္မာစရိယ) နှင့် ပဋ္ဌိစ္စသမုပ္ပါဒ်(နည်းပြ) ဦးကျော်နိုင်(မန္တလေး)တို့က မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ ယောဂီများ အချိန်မီဆက်သွယ်ဝင်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

နယ်လှည့်စာကြည့်တိုက်ဖွင့် နံရံကပ်စာစောင်ပြသ

မန္တလေး မတ် ၇

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့နှင့် ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် မှတ်တမ်းတင် ဗီဒီယိုပြသရေး ဖွင့်ပွဲအခမ်းအနားကို စကြာနွယ်စဉ်ရပ်ကွက် လက်ပံတန်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၅ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကိုက ပြပွဲဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖေဖော်ဝါရီ ၈ ရက်က ကျောက်မဲမြို့နယ် နောင်ပိန်အုပ်စု ထန်းတပင် ကျေးရွာ၌ကျင်းပသော နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ခရိုင်ဦးစီးအရာရှိ ဦးမောင်ကို၊ နောင်ပိန်အုပ်စုဥက္ကဋ္ဌ ဦးညိုဝင်းနှင့် ထန်းတပင်ကျေးရွာဥက္ကဋ္ဌ ဦးအာလောကတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးများသန့်စင်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို လုပ်ငန်းခွင်အရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်–

(က) ဓာတ်ခွဲခန်းသုံးပစ္စည်းများ

(ခ) ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ

(ဂ) Electric Cable Wire များ

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၄–၃–၂၀၀၅ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ဈေးနှုန်း တင်သွင်းလွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုနှင့် ဆက်သွယ်ဝယ်ယူ တင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုသော အချက်အလက်များ ရှိပါက ရုံးဖုန်း–၂၈၂၅၃၄၊ ၂၄၈၁၁၂၊ လိုင်းခွဲ ၂၃၅ နှင့် ၂၉၆၇၂၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ

ရန်ပုံငွေထိန်းသိမ်းရေးနှင့်ပစ္စည်းဝယ်ယူရေးအဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅

နည်းဥပဒေ ၂၀

ရန်ကုန်တိုင်း တရားရုံး၊ တရားမရုံး၌

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် (၁၁၁၁)

အာရှမဲနေဘဏ်လီမိတက် **နှင့်** မြသီတာအင်တာနေရှင်နယ်
(၎င်းကိုယ်စား– ဦးသောင်းတင် ကုမ္ပဏီလီမိတက်
မန်နေဂျာ) ဗိုလ်အောင်ကျော် (၎င်းကိုယ်စား– ဒေါ်အေးမြင့်၊
ဘဏ်ခွဲ ဦးစိုးသိန်း (ခ)
ဦးမျိုးသိန်း)

တရားလို **တရားပြိုင်များ**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ် ၂၈၈ နေ မြသီတာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် (၎င်းကိုယ်စား– ဒေါ်အေးမြင့်၊ ဦးစိုးသိန်း(ခ) ဦးမျိုးသိန်း) ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလို အာရှမဲနေဘဏ်လီမိတက်က ချေးငွေ ၁၇၃၈၂၂၇၁ ကျပ်၊ ၂၆ ပြား ရလိုမှုနှင့် ဘဏ်အပေါင်အာမခံပစ္စည်း ရောင်းချပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၅ ခုနှစ် ဧပြီလ ၁ ရက်(၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ရက်)နံနက် ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ ခုနှစ် မတ်လ ၃ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဟန်ဇာထွန်း

တွဲဖက်တိုင်းတရားသူကြီး(၃)

ရန်ကုန်တိုင်း တရားရုံး။



လက်ရှိအသုံးပြုဆဲ ဆန်စက်ရောင်းမည်

စစ်ကိုင်းတိုင်းရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်ထန်းတပင်ဇီးကုန်းမြို့ရှိ ဆန်စက်အား ရောင်းမည်။

စက်လည်ပတ်မှုအား	–	၂၄ နာရီ ၂၅ တန်ကျ
စက်အမှတ်	–	၀၅၉
ဘွိုင်လာအမျိုးအစား	–	အင်္ဂလန် – ကော်နစ် ပေ ၂၀ X ၆ ပေ ϕ
မီးပေါင်	–	၁၀၀
အင်ဂျင်	–	အင်္ဂလန် – ရူဘီအင်ဆန်း ၁၂ လက်မအချင်း
မေပိုင်း	–	ကစ်၂လုံး ငါးပုံ၁ လုံး (ဘိလပ်ဆန်ခါ၊ ဂျမန်ရှုလေပုံစံ

အောက်ဖော်ပြပါဖုန်းများသို့စုံစမ်းနိုင်သည်။

ဖုန်း–၀၂–၃၂၆၄၃၊ ၀၂–၆၂၀၈၃၊ ၀၇၂–၂၁၃၆၄၊ ၀၁–၆၆၂၇၄၆

ပြင်ဆင်ဖတ်ရှုပါရန် ၁၅–၃–၂၀၀၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈တွင်ပါရှိသော ဝမ်းနည်းကြေကွဲခြင်း(ဒေါ်တင်တင်ညွန့်) ကြော်ငြာတွင် စန်းစန်းနွဲ့မိသားစု၊ (ဦးငွေစန်း)–ဒေါ်စန်းစန်းနွဲ့ အစား စန်းမိသားစု (ဦးငွေစန်း)–ဒေါ်စန်းနွဲ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီး တိုက်ခန်းနေရာချထားခြင်း လက်မှတ်ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်း နေရာချထားခြင်းလက်မှတ်မူရင်းမှာ ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ဖြင့် အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုပေးပါရန် လျှောက်ထားလာသဖြင့် စာချုပ်ချုပ်ဆိုပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက်အမည်	မှတ်ပုံတင်အမှတ်	နေရာချထားခံရသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးအောင်သန်း	၁၂/သဃက (နိုင်)၀၉၁၈၄၇	တိုက် ၁၁၊ အခန်း ၈၊ ပြည်ရိပ်မွန်အိမ်ရာ

ဌာနမှူး

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

(၅၉)နှစ်မြောက်တပ်မတော်နေ့ကိုဂုဏ်ပြုလျက်
မြန်မာအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ ပံ့ပိုးမှုဖြင့်
ဗိုလ်ကလေးတင့်အောင်နှင့်ဂီတလုလင်မောင်ကိုကိုတို့ဦးစီး၍
စန္ဒရားပညာရှင်ကြီးများစုစည်းတင်ဆက်သည့်

ဂီတနန္ဒဝန်
စန္ဒရားပဒေသာပွဲကြီး

အချိန် – ည(၇)နာရီတိတိ
နေ့ရက်– ၂၀၀၄ခုနှစ် မတ် ၁၉၊၂၀နှင့် ၂၁ ရက်
နေရာ – အမျိုးသားကဇာတ်ရုံ၊မြို့မကျောင်းလမ်း၊ရန်ကုန်မြို့

(ကြိုတင်လက်မှတ်စတင်ရောင်းချနေပါပြီ)

ကြိုတင်လက်မှတ်ရောင်းချမည့်နေရာ –
နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံနှင့် ချမ်းသာစာပေတိုက်၊ အမှတ် ၁၂၀၊ ၃၄လမ်း(အလယ်)၊ရန်ကုန်မြို့။





အမည်ပြောင်း အဖဦးခင်မောင်ဇော်–ဒေါ်လှစန်းတို့၏သမီး အမှတ် (၈၀၉)လမ်းရှည်လမ်း နဝင်း ပြည်မြို့နေ မမြအိအား ယနေ့မှစ၍ မမြင့်မြင့်သူဟု ပြောင်းလဲခေါ်ပါရန်။ **မမြင့်မြင့်သူ**





ဝမ်းနည်းကြေကွဲခြင်း
ဦးစိုင်းကဏ်းယွက်
အသက်(၄၁)နှစ်

သူငယ်ချင်း နန်းယိုင်းသီတာ၏ခင်ပွန်း ဦးစိုင်းကဏ်းယွက်သည် ၁၄–၃–၂၀၀၅ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ဝမ်းနည်းကြေကွဲမိပါသည်။

သူငယ်ချင်းမိုးမိုး။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဒေါ်ငွေငွေ၏ခင်ပွန်း ပါမောက္ခ ဦးခင်မောင်လတ်(ဌာနမှူး/သွားတုဆေးပညာဌာန) သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန် (ငြိမ်း) ကွယ်လွန်ကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း

မန္တလေးတိုင်းအသင်းခွဲ။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာ ဒေါ်ခင်စန်းတင့်၏အစ်ကို ဒေါက်တာ ဦးသန်းလွင် (ဌာနမှူး/သွားတုဆေးပညာဌာန) (ငြိမ်း) ကွယ်လွန်ကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း

မန္တလေးတိုင်းအသင်းခွဲ။

ဦးဝမ်စိန်
အသက်(၈၃)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်၊ ဓာတ်မီးပူဇော်ရေးအဖွဲ့ စာရင်းစစ် ဦးဝမ်စိန်သည် ၁၃–၃–၂၀၀၅ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၃–၂၀၀၅ရက် မွန်းလွဲ ၁နာရီတွင် တက်သစ်ရွာ၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ဒေါ်တင်ထွေးနွယ်
[အထက(၁)၊ ကလော]
အသက်(၆၁)နှစ်

(ဦးစဝ်နော်မြ–ဒေါ်စဝ်သူဇာရီ)တို့၏ သမီး၊(ဦးအင်ဆိုင်)၏ဇနီး၊(မနှင်းပပခိုင်)၊ ကိုသူရအောင်–မနန်းသက်သက်ခိုင် (Craster Enterprise Ltd.)၊ မနန်းမို့မို့ဟန်(ရီးမဘဏ်၊ လှိုင်သာယာ)တို့၏ မိခင်၊ မောင်စိုးဝေယံအောင်၏အဘွား၊ အမှတ် ၅၆၊ ရွှေဟသာလမ်း၊ ချောက်မိုင်ခွဲ၊ လှိုင်မြို့နယ်နေ ဒေါ်တင်ထွေးနွယ်သည်၂၄–၂–၂၀၀၅ရက် ညနေ ၄ နာရီတွင်သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၂–၂၀၀၅ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

သဒ္ဓမ္မဇောတိကဓဇ

ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်

သာသနာရေးဝန်ကြီးဌာန၊အကြံပေးပညာရှင်(ငြိမ်း)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
တွဲဖက်ပါမောက္ခ(ငြိမ်း)
အသက်(၇၃)နှစ်

၁၁-၃-၂၀၀၄ရက်(ကြာသပတေးနေ့)တွင်ကွယ်လွန်သွားခဲ့သော ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် နာမကျန်းဖြစ်စဉ် ကူညီကြသောပုဂ္ဂိုလ်များ၊ ဈာပနကိစ္စတွင် ကူညီကြသောပုဂ္ဂိုလ်များ၊ လိုက်လံပို့သကြသောပုဂ္ဂိုလ်များ၊ အထွေထွေလိုအပ်သလိုကူညီကြသော ပုဂ္ဂိုလ်များနှင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြောင်း သဝဏ်လွှာပို့သည့်ပုဂ္ဂိုလ်များ၊ ကိုယ်တိုင်နှင့်တယ်လီဖုန်းဖြင့်မေးမြန်းကြသောပုဂ္ဂိုလ်များအား ကျန်ရစ်သူမိသားစုက ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ညွှန့် (ပဲနွယ်ကုန်း)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၁၉ နေ (ဦးကိုကြီး-ဒေါ်ရင်)တို့၏သမီးကြီး၊ ဦးမောင်မောင်-ဒေါ်ခင်မေစိုး၊ ဦးတင်ထွန်း-ဒေါ်ကြည်ကြည်တို့၏အစ်မကြီး၊ ဦးကံထွန်း၏ဇနီး၊ ကိုတင်အေး-မအေးအေးစိုး၊ ကိုနေလင်းသူ-မခိုင်ခိုင်စိုး၊ ကိုအောင်အောင်(ပြည်ထဲရေး)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၆-၃-၂၀၀၄ရက် (အင်္ဂါနေ့) ည ၇:၂၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးမြင့်

လ/ထတိုင်းစာရင်းစစ်အရာရှိ(ငြိမ်း)
ရန်ကုန်တိုင်းစာရင်းရုံး
အသက်(၆၂)နှစ်

အမှတ် ၃၂(အေ)၊ ရန်ကုန်အင်းစိန်လမ်း၊(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးချစ်-(ဒေါ်လှတင်)တို့၏သား၊ (ဦးစောဂျိုး) - ဒေါ်ဘီဘီတို့၏ သားသမက်၊ ဒေါ်ဂျဲနီဂျိုး(လေကြောင်းဦးစီး)၏ခင်ပွန်း၊ ဦးစိုးကြည်-ဒေါက်တာခင်မျိုးဝင်း၊ ဦးတင်မောင်ဇော်-ဒေါ်စန်းစန်းရီ၊ ဦးခင်ဇော်-ဒေါ်စန်းစန်းနွယ်၊ ဒေါ်ထွေးထွေးဝါ(စိုက်/မွေး) တို့၏ အစ်ကိုကြီး၊ဦးအောင်အောင်ကျော်(Pem Co.)-ဒေါ်ခင်နီလာဦး (လေကြောင်းဦးစီး)၊ ဦးကြည်မိုး (First Top)-ဒေါ်အေးအေးသက်မွန်၊ ဒေါ်လင်းလင်းမျိုးမြင့်(ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဒေါ်ကေသွယ်သွယ်မျိုး (လေကြောင်းဦးစီး)၊ မောင်အာကာထွန်း (စိန်စန္ဒာ Co.,Ltd.)၊ မထွေးထွေးမျိုးမြင့်(ဒုနှစ်၊ စီးပွားရေး)၊ မဖွေးဖွေးမျိုးမြင့်(အထက-၂၊လှိုင်)တို့၏ဖခင်၊မောင်ကောင်းစည်သူ၏အဘိုးသည် ၁၆-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်အမာဓိ(ခ)

ဒေါ်ခင်ကြည်

ပြင်ဦးလွင်မြို့
အသက်(၈၄)နှစ်

အမှတ် ၂၊ ဗိုလ်ချုပ်လမ်း၊ပြင်ဦးလွင်မြို့နေ [ဦးအမ်အင်ဟာမစ်(ခ)နနေးဘိုင်]၏ဇနီး၊ (ဒေါ်ဝါဝါ၊ ငှရွှေဝါမူကြို၊ ပြင်ဦးလွင်)၊ ဦးမောင်ညွှန့်-ဒေါ်ရင်မြသွယ်၊ (ဆရာဦးဘမြိုင်)-ဒေါ်ခင်စိုးလှ (စိုးဘရားသားလျှပ်စစ်၊မန္တလေး)တို့၏မိခင်၊ မောင်စိုးဦးမြိုင် - (မလင်းလင်းထွန်း)၊ မောင်စိုးလတ်မြိုင်-မအိအိထွန်း၊ မောင်စိုးထွေးမြိုင်၊မောင်အောင်နိုင်ဦး၊ မနန်းရွှေစင်၊ မနှင်းယုမြိုင်တို့၏ အဘွား၊ အဗ္ဗဒုလ်ဟာမစ်၏ အဘွားကြီးသည် အမှတ် ၆၀/၆၂၊ မြေညီအခန်း ၀၀၁၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ် နေအိမ်၌ ၁၃-၃-၂၀၀၄ ရက်(စနေနေ့) ည ၈:၅၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့်၁၄-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့)တွင် ဇဟိုရ်နမာဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ကြောင်း။ ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

အမည်ပြောင်း

ဦးတင်ဝင်း၏သား မြန်အောင်မြို့ အလက(ရေနံ) အဋ္ဌမတန်း(က)မှ မောင်ထွန်းနေအောင်အား မောင်လွှမ်းမိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လွှမ်းမိုးအောင်။

ခွေးရောင်းရန်

စံချိန်မီ Rottweiler (Import) အထီး၊ အမမှ ပေါက်သော အရိုးအဆစ်ကြီး၊ အရောင်အသွေးလှ၊ ကျန်းမာသန်စွမ်းသော စတိုင်ကျကျ ဆိုဒ်လှလှ Rottweiler နှစ်လခွဲသားပေါက်လေးများ ရပါပြီ။

အမှတ် ၁၁၉၆၊ ခ/၁ လမ်း၊
မြို့သစ်(က+ခ)၊ အင်းစိန်မြို့။

ဦးသိန်းလှ

(ကျုံဒါးချောင်းကျေးရွာ၊
ဒေးဒရဲမြို့)
အသက်(၇၅)နှစ်

ဒေးဒရဲမြို့နယ်၊ကျုံဒါးချောင်းကျေးရွာနေ (ဦးအောင်မြင့်-ဒေါ်လှအုံးမယ်)တို့၏သား၊ (ဦးသာချို-ဒေါ်အေးမြင့်)တို့၏သားသမက်၊ ဒေါ်စိန်သန့်၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးစိန်ဝင်း-ဒေါ်ငြိမ်းရင်)၊ (ဦးညွှန့်-ဒေါ်အေးကြည်)၊ (ဦးလှမြင့်-ဒေါ်အမာ)၊ (ဦးမြင့်အောင်)-ဒေါ်နှင်းဥ၊ ဦးထွန်းအောင် - (ဒေါ်ကြည်စိန်)တို့၏ ညီ/မောင်၊ (ဦးခင်မောင်မြင့်)၊ ဦးမျိုးအောင်-ဒေါ်တင်အိ၊ ဒေးဒရဲမြို့နေ ဦးစိုးတင့်-ဒေါ်ခင်နှင်းရီ၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း - ဒေါ်ကြည်ကြည်စိန်တို့၏ အစ်ကို၊ ဦးအောင်မျိုး-ဒေါ်ခင်မြတ်လွင်တို့၏ဖခင်၊ ဒေါက်တာမေသက်နွယ် (တိုက်နယ်ဆရာဝန်၊ ခတ္တိယကျေးရွာ)၊ ဗိုလ်ကြီးခွန်ထွန်းလှိုင်(တပ်မတော်ဆေးတက္ကသိုလ်)-ဒေါ်စောစန္ဒာမြင့်၊ မောင်မင်းဇော်ဦး-မမေမြတ်သွယ်၊ မဇင်ညီထွေး (Adventure Myanmar Travel & Tours Co.,Ltd.)တို့၏ အဘိုးသည် ၁၂-၃-၂၀၀၄ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ကျုံဒါးချောင်းကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၀၄ရက်တွင် ကျုံဒါးချောင်းကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြဝင်း

အလယ်တန်းပြဆရာမ
အထက(၂)အင်းစိန်
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ နွယ်သာဂီလမ်း၊ အမှတ် ၂၉/၁၈၃ နေ (ဗိုလ်မှူးတင်ဦး၊ လေ၊ငြိမ်း-ဒေါ်မြသိန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၃၂၊ မြဝတီမင်းကြီးလမ်း၊ ဆယ်မိုင်ကုန်း၊ အင်းစိန်မြို့နယ်နေ ဦးနေဝင်း(ဒုညွှန်ကြားရေးမှူး၊ ငြိမ်း) (ကြေးတိုင်နှင့်မြေစာရင်းရုံးချုပ်)၏ဇနီး၊မန္တလေးတိုင်း၊အကောက်ခွန်ဦးစီးဌာနမှ ဒေါ်နုနုအေး(မင်းမင်း) (လ/ထ အကောက်ခွန်မှူး)၏ အစ်မ၊ ရွှေပြည်သာမြို့နယ်နေ မခင်ဥမ္မာနေဝင်း၊ ဦးအောင်ဇော်မိုး၊ ပြည်မြို့နေ ဦးစိုးဝဏ္ဏနေဝင်း၊ မတင်တင်မြင့်-ဗိုလ်ကြီးဟိန်းထက်၊ မသီတာပြုံးတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၅-၃-၂၀၀၄ရက်(တနင်္လာနေ့) ၁၂:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ဆယ်မိုင်ကုန်းနေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မမို့မဥ္ဇူလွင်

LL.B (ဒု-ကြီးကြပ်ရေးမှူး)
(မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊
တောင်ငူ)
အသက်(၃၆)နှစ်

တောင်ငူမြို့၊ ဇေယျာခင်ဦး ၃ လမ်းနေ (ဦးစန်းလွင်) (ဒုရုံပိုင်ချုပ်၊ ငြိမ်း)-ဒေါ်ခင်ခင်တင့်တို့၏သမီး၊ ဦးတင်မောင်ညွှန့်(အထက်တန်းရှေ့နေ)-ဒေါ်လဲ့လဲ့လွင်(တရားရုံးချုပ်ရှေ့နေ)၊ ဦးဆန်နီလွင် (ရုံပိုင်ကြီး၊ လယ်ဝေးဘူတာ)-ဒေါ်ဆွေဆွေဝင်း၊ (ဦးဇော်ထွဋ်လွင်)၊ ဦးတင်စိုး-မစပယ်လွင်(သစ်ထုတ်လုပ်ရေး)၊ ဦးခင်မောင်လေး(ဒုဦးစီးမှူး၊ စက်မှု/လယ်ယာ)-ဒေါ်သဇင်လွင်တို့၏ညီမ၊ ဦးညီညီလွင် (ရုံပိုင်ကြီး)-မအိအိခင်၊ ဗိုလ်ကြီးဟိန်းထက်စိုး၊ ဇာနည်နောင်နောင်လွင်တို့၏အစ်မသည် ၁၅-၃-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ခပေါင်းပွတ်စုသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် ဧည့်လမ်းညွှန်ကတ်ပြားတို့မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိကပေးပို့ပါရန်။ **ဦးကျင်ဇာခိုင်(စတီဗင်) No-157/169၊အခန်း-ဒီ(၇)၊၃၆လမ်း၊ ကျောက်တံတား၊ Ph-284999။**

အထူးလျှော့ဈေး/အမြန်ရောင်း

ခြံ(80'x80')၊ တိုက်(30'x50') 2RC, °3MBR, °1BR, °4AC ဧည့်ခန်း၊ မီသားစုခန်း၊ ထမင်းစားခန်း၊ မီးဖိုဆောင်၊ ကားဂိုထောင်၊ ရေမီး၊ အဆင့်မြင့်ပြင်ပြီး၊ နေရာကောင်း၊ **တည်နေရာ**-ရတနာသီရိ လုံးချင်းအိမ်ရာ(၈၀န)သဃ်န်းကျွန်း။

098031064

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဆင့် (စမ်းချောင်း)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးညို-ဒေါ်ညိုအိ)တို့သမီး၊ (ဦးကျော်ဒင်)၏ညီမ၊ (ဦးမောင်ရီ)၏ဇနီး၊ ဦးကျော်ညွှန့်-ဒေါ်တင့်တင့်၊ ဦးသန်းထွန်း-(ဒေါ်ခင်ဝင်းမေ)၊ ဒေါ်အုန်းကြည်[စက်မှု(၁)၊ထွေ/ထိန်းမန်နေဂျာ(ငြိမ်း)]၊ (ဦးလှမြင့်)၊ ဦးမြင့်အောင်-ဒေါ်လှရီ(အထက-၃၊ စမ်းချောင်း)၊ ဦးကျော်ဝင်း (အထက-၂၊ စမ်းချောင်း)-ဒေါ်ခင်အေး၊ ဦးကြည်စိန် [စက်မှု(၁)အထည်]-ဒေါ်မြဝင်းတို့၏ မိခင်၊ မြေး ၁၃ယောက်တို့၏အဘွား၊ မြစ် ၁၁ ယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၃-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅:၃၀ နာရီတွင် စမ်းချောင်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

Jasmine Lucas(ခ)

ဒေါ်ဘောဘီ(ခ)

ဒေါ်ခင်စန်းဝင်း (ပြင်ဦးလွင်)

အသက်(၇၁)နှစ်

ပြင်ဦးလွင်မြို့နေ (ဦးမြစ်-ဒေါ်တင်)တို့၏သမီးထွေး၊ (ဦးစိန်မောင်-ဒေါ်ထွေးရီ)တို့၏သမီးချွေးမ၊ တိုက် ၁၂၀၊ အခန်း ၇၊ ရန်ရှင်းလမ်းသွယ်-၁၊ (၄)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့နေ [ဦးခင်မောင်သိန်း(ခ)Willy]၏ဇနီး၊ ဦးမိုးဟိန်း - ဒေါ်ခင်မုနှင်း (ဖြိုးဆွယ်တာ)၊ ဦးဇော်ဟိန်း(2[nd] Mate)၊ ဦးဝင်းအောင်ထွေး-ဒေါက်တာစန္ဒာလင်း(ခ)ခင်လေးညို(DOH)၊ဦးသုခ(F.A.O)-ဒေါ်သီရိနေဝင်း(M.B.L)တို့၏မိခင်၊ မောင်ဝေဖြိုးဟိန်း-မနေဇာဝင်း၊ မောင်ဇော်လင်းထက် - မစုစန္ဒီဟိန်းတို့၏ အဘွား၊ ကျော်နေဖြိုး၏ အဘွားသည် ၁၅-၃-၂၀၀၄ရက် ညနေ ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၂)သို့ ခန္ဓာကိုယ်အား လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အထက်ပါရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ကိုဝင်းဇော်

အသက်(၃၃)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မင်္ဂလာတောင်ညွှန့်ရပ်ကွက်၊ ၁၁၄ လမ်း၊ အမှတ် ၂ နေ ဦးငွေတင်(စည်ပင်၊ စက်ယာဉ်၊ငြိမ်း)-(ဒေါ်အုန်းကြည်)တို့၏ သားငယ်၊ ဦးအောင်သိန်း (စည်ပင်၊ စက်ယာဉ်၊ ရေပုပ်စုပ်)-ဒေါ်နီလာချစ်၊ ဦးဝင်းရီ(စည်ပင်၊ စက်ယာဉ်၊ ယာဉ်စု-၃)-ဒေါ်လှလှဝင်း၊ ဦးတင်ဝင်း၊ (ဒေါ်မြင့်မြင့်သန်း)၊ ဒေါ်ခင်စောဝင်း၊ ကိုဝင်းကြည်၊ ကိုလှတင့်၊ မဝင်းဝင်းသိန်း၊ ကိုမြင့်ဌေး-မသင်းသင်း၊ ကိုတင်မောင်ဝင်း-မအေးအေးသန်းတို့၏ ညီ/မောင်သည် ၁၆-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်

M.P.P.E (မနီတော)
အသက်(၅၄)နှစ်

အမှတ် ၃၀၂၊ စိန္တာမဏိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးသန်း-ဒေါ်ခင်သုံ)တို့၏သား၊(ဦးယုံ-ဒေါ်ကျင်ဖွား)တို့၏သားသမက်၊ ဦးမြသန့်-ဒေါ်ထားရီ၊ ဦးလှသောင်း-ဒေါ်ထားကြည်တို့၏မောင်၊ (ဦးလှမြင့်)-ဒေါ်ရီရီ၊ ဦးချိုမြင့်-ဒေါ်သန်းသန်းဦး၊ ဦးအောင်ကျော်ထွေး-ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်ကို၊ ဒေါ်မိမိထွေး(M.P.P.E၊ ငြိမ်း)၏ခင်ပွန်း၊ ကိုဇရာကြည်ဖြိုး [B.E (E.P)Forture Inte Ltd.]၊ မဝင့်ရွှေရည်နွေး (Final Year; Physics)တို့၏ ဖခင်သည် ၁၄-၃-၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘောဘီနီလာထွန်း(ခ)

မီးမီးသဲ

အသက်(၅၁)ရက်

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ ၁၁ လမ်း၊ အမှတ် ၂၅၅/ခ နေ ဦးခင်မောင်ဝင်း-ဒေါ်ခင်စောဝင်း၊ ဦးထွန်းသိန်း-ဒေါ်သန်းမြိုင်တို့၏မြေး၊ ဦးကိုကိုအောင်-ဒေါ်နီလာထွန်းတို့၏သမီးငယ်၊ မောင်ကောင်းစည်သူ၏ညီမသည် ၁၆-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ကလေးဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဆေးရုံမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှမြိုင် (ပုသိမ်)

လွှတ်လပ်ရေးမော်ကွန်းဝင်
(တတိယဆင့်)
လူထုပညာရေးမှူးဟောင်း
အလယ်တန်းပြဆရာ(ငြိမ်း)
အထက(၃)သန်လျင်မြို့
အသက်(၈၂)နှစ်

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် ၇ နေ (ဦးစိုးသိမ်း-ဒေါ်သိမ်းမယ်)တို့၏သား၊ (ဦးဘရွှေ-ဒေါ်ထွေး)တို့၏သားသမက်၊ (ဦးကျင်တီ-ဒေါ်ချစ်ချစ်)တို့၏မောင်၊ဒေါ်မြမြ၏ခင်ပွန်း၊ဒေါ်ဆွေဆွေမြ(အလပြ၊အလက၊ ပန်းတော၊ ကျောက်တန်း)၏ဖခင်သည် ၁၅-၃-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၂ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှ

(ငြိမ်း၊ပစ္စည်းဝန်ထောက်၊မင်္ဂလာဒုံ)
အသက်(၆၄)နှစ်

မိတ္ထီလာမြို့နေ (ဦးဖိုးခိုင်-ဒေါ်ခင်ပု)တို့၏သမီး၊ နတ်တလင်းမြို့နေ(ဦးညီပု-ဒေါ်အေးမျှင်)တို့၏သမီးချွေးမ၊ (ဦးခင်မောင်မြင့်၊ အရာခံဗိုလ်၊ ငြိမ်း)၏ဇနီး၊ တပ်ကြပ်ကြီးဝင်းဇော်-ဒေါ်ခင်ဌေးလွင် (ထုတ်လုပ်ရေး၊ဝါယာလက်)၊တပ်ကြပ်ကြီးသန်းဇော်၊ မမိမိစော၊ တပ်ကြပ်ကြီးဇော်နိုင်တို့၏မိခင်၊ မဥမ္မာအောင်၊ မောင်ချစ်စမ်းမောင် (အထက-၁၊ မင်္ဂလာဒုံ)တို့၏အဘွားသည် ၁၅-၃-၂၀၀၄ရက် ည ၈:၂၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မင်္ဂလာဒုံ နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်

M.P.P.E (မနီတော)
အသက်(၅၄)နှစ်

အမှတ် ၃၀၂၊ စိန္တာမဏိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးသန်း-ဒေါ်ခင်သုံ)တို့၏သား၊(ဦးယုံ-ဒေါ်ကျင်ဖွား)တို့၏သားသမက်၊ ဦးစိန်ကြီး-ဒေါ်ခင်ခင်ဝင်း၊ ဦးစိန်လေး၊ (ဦးစိုးဝင်း)-ဒေါ်သန်းမြင့်၊ ဦးဝင်းကြည်-ဒေါ်စမ်းသီတာတို့၏ညီ၊ ဒေါ်မိမိထွေး (M.P.P.E၊ငြိမ်း)၏ခင်ပွန်း၊ ကိုဇရာကြည်ဖြိုး [B.E (E.P) Fortune Inte, Ltd.]၊မဝင့်ရွှေရည်နွေး(Final Year; Physics)တို့၏ ဖခင်သည် ၁၄-၃-၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသန့်ဇော်ထွန်း(ကိုထီး)

B.E (Electrical)
(အလုပ်ရုံခွဲမှူး၊ဖေယျဝတီသကြားစက်)
မြိတ်
အသက်(၃၀)

မြိတ်မြို့၊ ခရူတောရပ်၊ ဗိုလ်ဗထူးလမ်းနေ (ဦးတင်ရွှေ)-ဒေါ်ဟယ်လင်တို့၏မြေး၊ ဦးထွန်းခင်(သူနာပြု၊ ငြိမ်း၊ မြိတ်ဆေးရုံ)-ဒေါ်စန်းရီ(မိခင်နှင့်ကလေးကျောင်းကျန်းမာရေးဌာန၊ မြိတ်မြို့)တို့၏သား၊ ဒေါ်ညိုညိုထွန်း (လ/ထ ကထိက၊ အင်္ဂလိပ်စာဌာန၊ မြိတ်တက္ကသိုလ်)၊ ဒေါ်ဝင်းဝင်းထွန်း(သရုပ်ပြ၊ သချာ်ဌာန၊မြိတ်တက္ကသိုလ်)တို့၏မောင်၊ ရန်ကုန်မြို့နေ(ဦးသက်တင်)-ဒေါ်နှင်းရီ၊ မြိတ်မြို့နေ ဒေါ်မြင့်အေး၊ ဦးအောင်နိုင်၊ ဦးကျော်လွင် (အသင်းစုမှူး၊ ကျွန်းစုမြို့နယ် သ/မ) - ဒေါ်ချိုချိုတို့၏တူ၊ ဦးကျော်မင်းဦး (ဒု-လဝကမှူး၊ ပုဇွန်တောင်မြို့နယ်)၊ ဗိုလ်ကြီးမြတ်မင်းလတ်(ကကဆေး)-ဒေါ်အိအိလွင်၊ ဦးရဲကျော်သူ-မအိအိသက်၊ ဗိုလ်ကြီးတင်မောင်ထွေး(တနိုင်း)တို့၏ညီသည် ၁၆-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၀၄ရက်(စနေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၆၇၈၊ ဇေဒါလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)နေအိမ်မှကားများ ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

မောင်အောင်မျိုးသန့်(ခ)

သားကြီး

အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ် ၁၆၇ နေ (ဦးကျော်သောင်း)-ဒေါ်တင်တင်တို့၏မြေး၊ ဦးဂျော်ဂျီ (မိသားစုဖိနပ်ဆိုင်)၏သား၊ ဦးဝီလီကျော်သောင်း-ဒေါ်ခင်လှိုင်၊ ဒေါ်နွယ်နီ (တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)တို့၏တူ၊ မောင်ကျော်ပြည်မိုး(ကိုကို)၊ မောင်ကျော်ပြည်မင်း(ညီညီ)တို့၏အစ်ကိုသည် ၁၅-၃-၂၀၀၄ရက် (တနင်္လာနေ့) ည ၁၀:၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကေလာဝံသ

သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ရွှေနံ့သာရပ်ကွက်၊စိန္တာရာမကျောင်းတိုက်၌သီတင်းသုံးနေထိုင်သော ဘဒ္ဒန္တကေလာဝံသမထေရ်မြတ်သည် ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် ညနေ ၃ နာရီတွင် ကဝမြို့နယ် ခနီးကျေးရွာ အရှေ့ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍ ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၃ ရက်(၂၁-၃-၂၀၀၄ရက်) ညနေ ၃ နာရီတွင် အန္တိမဈာပနကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်မှလိုက်ပါလိုသောတပည့်ဒါယကာ ဒါယိကာမများသည် စိန္တာရာမကျောင်းတိုက်သို့ နံနက် ၈ နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ပညာသီရိ

သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၁၅)ဝါ

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဇောတိက ၁ လမ်း၊ သစ္စာဝါဒီကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပညာသီရိသည် ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် နံနက် ၁:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက် (၁၈-၃-၂၀၀၄ရက်) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဦးသန်းအေး (မြန်အောင်)

အသက်(၇၄)နှစ်

မြန်အောင်မြို့နေ (ဦးချစ်စံ-ဒေါ်ရွှေသန့်)တို့၏သား၊ ဒေါ်လှမြိုင်၊ ဒေါ်ထွေးကြည်တို့၏မောင်၊ အင်းစိန်မြို့၊ အမှတ် ၁၃၊ ရွာမလျှပ်စစ်ဝင်းနေ ဒေါ်တီ၏ခင်ပွန်း၊ ဦးဇော်ဝင်းထူး (JSM Shipping Co.)-ဒေါ်ခင်ဖုန်းမြင့်တို့၏ဖခင်၊ မဇော်လပြည့်ဝန်း၊ မဇော်လယမင်း၊ မချစ်ကစ်ကစ်တို့၏အဘိုးသည် ၁၅-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

Jasmine Lucas(ခ)

ဒေါ်ဘောဘီ(ခ)ဒေါ်ခင်စန်းဝင်း

(ပြင်ဦးလွင်)
အသက်(၇၁)နှစ်

ပြင်ဦးလွင်မြို့နေ (ဦးမြစ်-ဒေါ်တင်)တို့၏သမီးထွေး၊ (ဦးစိန်မောင်-ဒေါ်ထွေးရီ)တို့၏သမီးချွေးမ၊ တိုက် ၁၂၀၊ အခန်း ၇၊ ရန်ရှင်းလမ်းသွယ်-၁၊ (၄)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့နေ [ဦးခင်မောင်သိန်း(ခ)Willy]၏ဇနီး၊ (ဦးဒန်း-ဒေါ်သိန်းရင်)၊ (Dr.ဦးလှကြီးမောင်-ဒေါ်သိန်းလွင်)၊ (ဦးသောင်းစိန်)၊ (ဦးစုလှိုင်-ဒေါ်ခင်မြိုင်အေး)၊ ဦးချစ်ကိုကို-ဒေါ်ခင်စောမူ၊ (ဦးမောင်မောင်လေး)-ဒေါ်ခင်လှ၊(ဦးတင်မြင့်)-ဒေါ်တင်တင်မြတို့၏ညီမထွေးသည် ၁၅-၃-၂၀၀၄ရက် ညနေ ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၂)သို့ ခန္ဓာကိုယ်အားလှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး

ဦးညိုအေး(ခ)ကိုမြမင်း

(ရေဦး)
အထက(၅)အလုံ
အသက်(၅၆)နှစ်

စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ တောင်ခွင်ကျေးရွာနေ (ဦးကျော်သိန်း)-ဒေါ်စိန်လုံတို့၏သားကြီး၊ဆီဆုံကျေးရွာနေ (ဦးစံထွေး)-ဒေါ်ကြီးစိန်တို့၏ သားသမက်၊ အထက(၅)အလုံကျောင်းဝင်းနေ ဒေါ်မြသန်း(ရွှေရင်အေး)၏ခင်ပွန်း၊ ဦးမြဝင်း-ဒေါ်ခင်လေး (မော်နီစတားဖိနပ်)၊ ဦးမြရွှန်း(အိုင်ပင်ဟိုးကြေးနီစီမံကိန်း၊မိုင်းမြို့နယ်)-ဒေါ်နီနီ၊ ဒေါ်ကြည်အေး-ဦးထွန်းမောင်(အိုင်ပင်ဟိုး ကြေးနီစီမံကိန်း၊ မိုင်းမြို့နယ်)၊ ဦးမြင့်အောင်-ဒေါ်မာလာတို့၏အစ်ကိုကြီး၊ မောင်ဝင်းလှိုင်ဦး(ခ)သန့်ဇင်(JSM Internation Co.,Ltd.)၊ မသင်းသင်းဌေး(စီးပွားရေးဦးပိုင်အစုရှယ်ယာဌာန)၊ မောင်ကျော်ဆန်းလင်း(K&P Interprise Co., Ltd)၊ မောင်ကျော်စိုးထွန်း (Mali Shipping Co.,Ltd.) တို့၏ ဖခင်သည် ၁၂-၃-၂၀၀၄ရက် (သောကြာနေ့) ည ၇:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်တင့် (ညောင်ကိုင်း)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ အမှတ် ၁၇၊ ၅ လမ်းနေ ဦးစိန်ဉာဏ်၏ဇနီး၊ ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ညောင်ကိုင်းကျေးရွာနေ (ဦးထွန်းခင်-ဒေါ်စောခင်)တို့၏ သမီးကြီး၊ မောင်မြခိုင်-မဝင်းဝင်းဌေး၊ မောင်မြသိမ်း-မစိန်စိန်မာ၊ မောင်ဦး၊ မခင်သန်းဌေး၊ မောင်စိန်လွင်၊ မောင်တင့်လွင်-မချိုချိုသိန်း၊ မသီဂီမာတို့၏မိခင်၊ မြေး ၁၂ယောက်၊မြစ်ငါးယောက်တို့၏အဘွားသည် ၁၅-၃-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ကြည်အောင်

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၃၈(ခ)နေ အသင်းဝင် ဒေါ်သက်သက်နိုင်၏မိခင် ဒေါ်ကြည်အောင်သည် ၁၂-၃-၂၀၀၄ ရက်တွင် ကွယ်လွန်ပါသဖြင့် ၁၄-၃-၂၀၀၄ရက်တွင် ဖျာပုံမြို့ လိပ်ဥကုန်း သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

မမိချို(ခ)ဘောဘီ

အသက်(၃၃)နှစ်

တာမွေမြို့နယ်၊ အမှတ် ၂၉/၃၃နေ (ဦးမူတူ)-ဒေါ်လှဝင်းတို့၏ သမီးချွေးမ၊ (ဦးတင်ဝင်း)-ဒေါ်တင်ကြည်တို့၏သမီးကြီး၊မျိုးသိန်းထွန်း(ခ)ကိုမျိုး(မိတ်ကောင်းပုံနှိပ်တိုက်)၏ဇနီး၊ မမြင့်မြင့်(ခ)မိငယ်၊ ခင်ခင်ဌေး၊ မောင်ခင်ထွန်း(ခ)ဖြူဖွေး၊ မကြည်ကြည်ဝင်း(ခ)ရွှေငယ်၊ မယဉ်ယဉ်အောင်၊ မောင်ခင်မောင်ထွေး၊ မောင်ခင်မောင်ဝေတို့၏အစ်မ၊မအိအိမျိုး၊မောင်မျိုးကျော်လှိုင်တို့၏မိခင်သည်၁၆-၃-၂၀၀၄ရက် နံနက် ၅ နာရီတွင် သင်္ဃန်းကျွန်းဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် သင်္ဃန်းကျွန်းဆေးရုံ အအေးတိုက်မှ ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကျော်ကိုကို

B.E (Civil)
(မော်လမြိုင်)
အသက်(၂၇)နှစ်

မော်လမြိုင်မြို့၊ မောင်ငံအောင်ချမ်းသာရပ်၊ ၂ လမ်း၊ အမှတ် ၁၂၅(H)နေ ဦးသန်းထွန်း-ဒေါ်တင်အေးတို့၏ သားကြီး၊မအေးအေးဖြိုး၊မောင်ကျော်ဗိုလ်ဗိုလ်တို့၏အစ်ကိုသည် ၁၅-၃-၂၀၀၄ရက် ညနေ ၃:၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်မှမော်လမြိုင်ပိန္နဲကုန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြို့နယ်များဖွံ့ဖြိုးတိုးတက်မှုသည် မြို့နယ်တာဝန်ခံများ၏စေတနာထားမှုအပေါ်တည် ပြည်သူများနှင့်တစ်သားတည်းနေထိုင်၊ ပြည်သူများလိုအပ်ချက်ဖော်ထုတ်ဖြည့်ဆည်း မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ သွက်လက်ထိရောက်စွာအကောင်အထည်ဖော်

ရန်ကုန် မတ် ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုလိုက်ပါလျက် မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရွှေကျင်မြို့မှတစ်ဆင့် ညောင်လေးပင်မြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ▼

ဖြတ်သန်းကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မတ် ၁၄ရက်က သနပ်ပင်မြို့နယ်အတွင်းကျေးရွာများ သွားလာမှုအဆင်ပြေစေရန် တည်ဆောက်ထားသည့် မင်းရွာ–ကျောင်းစုတံတားသစ်ကြီးကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုသိမ်ဒေသဖွံ့ဖြိုးရေး လှည့်လည်စစ်ဆေး စီမံကိန်းလုပ်ငန်းများတွင် တာဝန်နှင့်စေတနာပေါင်းစပ်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မတ် ၁၄ရက် နံနက်ပိုင်းတွင် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားတက်ရောက်ခဲ့ကြပြီး နံနက် ၁၀ နာရီတွင် ပုသိမ်–ရွှေမြင်တင်–ဝါးယားချောင်းလမ်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ပုသိမ်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ပုသိမ်တံတားစစ်ဆေး

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပုသိမ်တံတား(ပုသိမ်ဘက်ခြမ်း) တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းအခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ ကော်လံ ၅ ■

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထူးကဏ္ဍများရည်ညွှန်းချက်

တပ်မတော်သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတပ်မတော်အတွက်လည်းကောင်း၊ နိုင်ငံနှင့်လူမျိုးအား အသက်ပေးကာကွယ်စောင့်ရှောက်သွားကြသော တပ်မတော်သားများအတွက် လည်းကောင်း၊ အသက်၊ သွေး၊ ချွေး ပေးဆပ်ခြင်းသည် ဂုဏ်ရောင်ပြောင်သော စွန့်လွှတ်ပေးဆပ်ခြင်းဖြစ်သည်ဟူ၍ မြဲမြံစွာခံယူထားပြီးဖြစ်သည်။

✪ စစ်သည်နန္ဒ၏ **"အောင်ပွဲခံတပ်မတော်"** ဆောင်းပါး
စာမျက်နှာ (၈–၉)

✪ **"တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲ၍ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ"** ဓာတ်ပုံမှတ်တမ်း
စာမျက်နှာ (၇)

✪ ကို(တက္ကသိုလ်)၏ **"သူပိုင်သောဂုဏ်"** ကဗျာ
စာမျက်နှာ (၁၂)

✪ လှထွဋ်ဦး၏ **"တိုင်းရင်းသား တပ်မတော်၊ ပြည်ထောင်စု တပ်မတော်၊ မြန်မာ့တပ်မတော်"** ကာတွန်း
စာမျက်နှာ (၁၃)

17-3 (20).p65 1 3/24/05, 4:12 PM